# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက် | ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၈ ရက်၊ အင်္ဂါနေ့ | အတွဲ(၆၅)၊ အမှတ်(၃၁၇)


**လွှတ်တော်ကဏ္ဍမြင့်မားရေးနှင့် စွမ်းဆောင်ရည် တိုးတက်ရေး**

ဆောင်းပါး ➤ ၈

.................................

**အဂတိလိုက်စားမှုသည် လူ့အဖွဲ့အစည်းအတွင်း ကူးစက်ပျံ့နှံ့လွယ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် အလွယ်တကူဖောက်ဖျက်ကျူးလွန်ခြင်းများကို သတိပြုရှောင်ကြဉ်ရန်လိုအပ်**

ပြည်တွင်းသတင်း ➤ ၁၀



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ဂုဏ်ပြုကြိုဆိုကြစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်လေဆိပ်မှ ထွက်ခွာသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်

စာမျက်နှာ ၃ ကော်လံ ၁ ❐

## လဟယ်မြို့၊ ဟုမ္မလင်းနှင့် ဖောင်းပြင်မြို့တို့၌ ဆက်သွယ်ရေးနှင့် အင်တာနက်ဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိ

မုံရွာ ဩဂုတ် ၁၇

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် လက်ရှိတပ်ဆင်အသုံးပြုနေသည့် ၁ ဒသမ ၂ မီတာရှိ Ku-Band ဂြိုဟ်တုစနစ်သည် ဗန်းသေး၍ ဝပ်အားနည်းသဖြင့် ရာသီဥတုကြောင့် ဖုန်းလိုင်းအတက်အကျဖြစ်ခြင်း၊ ပြတ်တောက်ခြင်းနှင့် လိုင်းကျပ်ခြင်းများ ဖြစ်ပေါ်သဖြင့် ဝပ်အားကြီးသည့် ၂ ဒသမ ၄ မီတာရှိ C-Band ဂြိုဟ်တုစနစ်ကို ဩဂုတ် ၁၂ ရက်က တိုးချဲ့တပ်ဆင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ ဂြိုဟ်တုစခန်းစနစ်များကို အဆင့်မြှင့်တင် တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ဒေသခံပြည်သူများအနေဖြင့် ယခင်ဖုန်းခေါ်ဆိုမှုနှင့် စာတို (SMS) ပေးပို့မှုများအပြင်

စာမျက်နှာ ၄ ကော်လံ ၅ ❖



**ပဲခူးမြစ်ရေ ပဲခူးမြို့၌ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်**

နေပြည်တော် ဩဂုတ် ၁၇ - ယနေ့နံနက် ၁၀ နာရီခွဲတိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၆၁ စင်တီမီတာ (၂ ပေခန့်) အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မိုး/ဇလ

## ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ နှလုံးသွေးကြော ခွဲစိတ်ကုသမှုများ အောင်မြင်စွာဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၇

United Kingdom (UK) နိုင်ငံ St Bartholomew's Hospital, Barts Heart Centre, နှလုံးသွေးလွှတ်ကြောခွဲစိတ်ကုသဌာနမှ နှလုံးနှင့်သွေးကြောခွဲစိတ်အထူးကု ပါမောက္ခ ဒေါက်တာအောင်ရဲဦးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး (နှလုံးနှင့်သွေးကြောခွဲစိတ်) ပါမောက္ခဒေါက်တာဝင်းဝင်းကျော်၊ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများနှင့် တွဲဖက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦး၏ နှလုံးသွေးလွှတ်ကြောမပေါက်ပြဲသည့်ရောဂါ (Acute aortic dissection from aortic arch to both iliac arteries)အား ဩဂုတ် ၁၃ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့်

စာမျက်နှာ ၅ ကော်လံ ၄ ✪

## ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီး၍ ပြန်လည်ရောက်ရှိလာသူများအတွက် အလုပ်အကိုင်ရရှိရေးနှင့် အရင်းအနှီးချေးငွေများရရှိရေး အထူးဦးစားပေးဆောင်ရွက်ပေးလျက်ရှိ

မော်လမြိုင် ဩဂုတ် ၁၇

မွန်ပြည်နယ်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ပြီး၍ ပြန်လည်ရောက်ရှိလာသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် အရင်းအနှီးချေးငွေများ ထုတ်ချေးပေးနိုင်ရေးကို အထူးဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ထိုသို့ ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာ

စာမျက်နှာ ၅ ကော်လံ ၁ ❇




# အားကစား မြင့်မားအောင် မြှင့်တင်

အားကစားသည် လူ့ယဉ်ကျေးမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ လူသားတို့၏ စွမ်းဆောင်ရည်အမျိုးမျိုးတို့ကို ထုတ်ဖော်ယှဉ်ပြိုင်ပြသသည့် အားကစားတို့သည် ဖျော်ဖြေမှုကိုပေးနိုင်သကဲ့သို့ စိတ်အားတက်ကြွမှုကိုလည်း ပေးနိုင်စွမ်းရှိသည်။ သို့ဖြစ်ရာ အားကစားသည် လူထုပရိသတ်စိတ်ဝင်စားမှုများပြားသည့် ကဏ္ဍတစ်ခုဖြစ်သည့်အလျောက် သတင်းမီဒီယာများတွင် အားကစားကို တစ်ခန်းတစ်ကဏ္ဍနေရာပေးကာ မြိုင်မြိုင်ဆိုင်ဆိုင် ဖော်ပြပေးကြရသည်။

နိုင်ငံနှင့်လူမျိုးတို့ကို ကိုယ်စားပြု၍ ယှဉ်ပြိုင်ရသောအားကစားပွဲများမှာ အမျိုးသားရေးစုစည်းမှုနှင့် အမျိုးသားရေးအားမာန်တက်ကြွမှုကိုပါ ဖြစ်ပေါ်စေနိုင်ခြင်းကြောင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် မိမိနိုင်ငံကိုယ်စားပြုအားကစားသမားများ၊ အားကစားအသင်းများ အောင်မြင်မှုအမြင့်မားဆုံးရရှိရေးအတွက် နိုင်ငံတိုင်းက ကြိုးပမ်းနေကြရသည်။ တစ်မျိုးသားလုံးအဆင့် အားကစားမြှင့်တင်ခြင်းသည် မိမိနိုင်ငံသားများ ကျန်းမာကြံ့ခိုင်စေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန်နှင့် နိုင်ငံ့ဂုဏ်သိက္ခာမြင့်မားလာစေရန်ဖြစ်ပြီး ကိုယ်လက်လှုပ်ရှားလူထုအားကစားမှသည် ခွန်အား၊ ကျွမ်းကျင်မှု၊ လျင်မြန်မှု၊ သက်လုံတို့ဖြင့် လေ့ကျင့်ယှဉ်ပြိုင်ရသော အားကစားနည်းများအထိ အားကစားကဏ္ဍကို စနစ်တကျ ဖော်ထုတ်မြှင့်တင်ပေးခြင်းပင်ဖြစ်သည်။

"နိုင်ငံအသီးသီးတွင် အားကစားကဏ္ဍသည် ယခင်ကကဲ့သို့ ပြိုင်ပွဲဝင်ရန်၊ ဆုတံဆိပ်ရယူရန်အတွက်လောက်သာ မဟုတ်တော့ဘဲ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်၊ လူငယ်များ၏စည်းကမ်း၊ ခေါင်းဆောင်မှုနှင့် အသင်းအဖွဲ့စိတ်ဓာတ်မွေးမြူပေးနိုင်ရန်၊ အမျိုးသားစည်းလုံးညီညွတ်မှုတည်ဆောက်ပေးနိုင်ရန် အထောက်အကူပြုစေသည့်အပြင် နိုင်ငံတကာအလယ်တွင် နိုင်ငံ့ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်သည့်အတွက် အားကစားပြိုင်ပွဲများကို လက်နက်မပါသည့် တိုက်ပွဲများဟု တင်စားလာကြပါကြောင်း၊ ထို့ကြောင့် မြန်မာ့အားကစားကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးကိုရှေးရှုပြီး အားကစားရေးရာဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့အပြင် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကောလိပ်များ၊ မြို့နယ်များတွင် အဆင့်အတန်းမီဘောလုံးကွင်းများ၊ မိုးလုံလေလုံအားကစားရုံများ၊ အများပြည်သူအားကစားလုပ်နိုင်သည့် ပန်းခြံများကို နိုင်ငံတော်ဘဏ္ဍာမှစိုက်ထုတ်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း" ဟူ၍ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့တော်များအားလုံးတွင် အထူးတန်းပွဲကြည့်စင်နှင့် ပရိသတ် ၅၀၀၀ ဆံ့၊ မီတာ ၄၀၀ ပြေးလမ်းပါဘောလုံးကွင်း၊ မိုးလုံလေလုံအားကစားရုံ၊ မိုးလုံလေလုံရေကူးကန်များကို ပထမအဆင့်အနေဖြင့် တည်ဆောက်ပေးလျက်ရှိသည်။ လူဦးရေများပြားသည့် ခရိုင်မြို့ကြီးများတွင် ပွဲကြည့်ပရိသတ် ၃၀၀၀ ဝင်ဆံ့သည့် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းများ တည်ဆောက်ပေးလျက်ရှိပြီး ဘဏ္ဍာငွေအပေါ်မူတည်၍ ကျန်ခရိုင်၊ မြို့နယ်များအားလုံးတွင်လည်း ဆက်လက်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတကပြောကြားခဲ့သည်။

အားကစားရုံများ၊ အားကစားကွင်းများ အဆင့်မြှင့်တင်မှု၊ တည်ဆောက်မှုများနှင့်အတူ အားကစားပြိုင်ပွဲများကိုလည်း အနယ်နယ်အရပ်ရပ်တွင် ကျင်းပနေကြသည်ကိုတွေ့ရသည်။ အားကစားနည်းများအလိုက် အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ်ရှိနေမှသာ အားကစားသမားများ၏ လေ့ကျင့်မှု၊ ယှဉ်ပြိုင်မှုများလည်း စဉ်ဆက်မပြတ်ရှိနေပြီး အားကစားသမားကောင်းများ ပေါ်ထွက်လာမည်ဖြစ်သည်။ အခြေခံပညာကျောင်းသားအရွယ်မှစ၍ အားကစားကို စနစ်တကျပြုစုပျိုးထောင်ပေးခြင်းအားဖြင့် သက်လုံကောင်းပြီး ကျန်းမာကြံ့ခိုင်စေခြင်း၊ အသင်းအဖွဲ့လိုက်ကစားခြင်းမှတစ်ဆင့် စည်းလုံးညီညွတ်မှု၊ အဖွဲ့လိုက်ဆောင်ရွက်တတ်မှု၊ သည်းခံမှုနှင့် စည်းကမ်းလိုက်နာတတ်မှုစသည့် စိတ်ဓာတ်များရရှိလာခြင်း စသည့်အကျိုးကျေးဇူးများရရှိစေနိုင်သည်။

သို့ဖြစ်ရာ ပင်ကိုဝါသနာနှင့် ထူးခြားသောစွမ်းဆောင်မှုရှိသူကလေး၊ လူငယ်များကိုရှာဖွေ၍ မြေတောင်မြှောက်ပေးခြင်း၊ ကျောင်းများတွင် ကျောင်းသင်ခန်းစာအပြင် ဘက်စုံပညာရေး၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အားကစားလှုပ်ရှားမှုများ ထည့်သွင်းဆောင်ရွက်ပေးခြင်း၊ အားကစားကလပ်များဖွဲ့စည်း၍ အားကစားနည်းအလိုက် ရင်းနှီးမြှုပ်နှံဆောင်ရွက်ခြင်း စသည့်နည်းလမ်းအမျိုးမျိုးတို့မှတစ်ဆင့် နိုင်ငံအဆင့်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ဝိုင်းဝန်းပူးပေါင်း အားထုတ်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် ခုရေတွင်းတူး၊ ခုရေကြည်သောက်၍မရသကဲ့သို့ ရေရှည်အစီအမံကောင်းများချမှတ်၍ နှစ်ရှည်လများ စဉ်ဆက်မပြတ် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားမှသာ ရလဒ်ကောင်းပေါ်ထွက်လာနိုင်မည်ဖြစ်သည့်အလျောက် တစ်မျိုးသားလုံး ကျရာကဏ္ဍမှ ဦးတည်ကြိုးပမ်း ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။



ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

## ၁၇ - ၈ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၇၀၅၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ဇမ္ဗူသီရိမြို့နယ်အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် ဩဂုတ် ၁၇

ယနေ့နံနက် ၁၀ နာရီ၊ ၄၁ မိနစ်၊ ၀၄ စက္ကန့်တွင် နေပြည်တော် မြေငလျင်စခန်းမှ အရှေ့-အရှေ့မြောက်ဘက် တစ်မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဇမ္ဗူသီရိမြို့နယ်၏ အရှေ့မြောက်ဘက် လေးမိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၉ ဒသမ ၇၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၅ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၀(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မိုး/ဇလ

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈ - ၈ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၆၅၀ | ၃၈၀၅ | ၃၇၅၅ | ၃၆၆၅ | ၃၈၁၀ | ၃၈၂၅ | ၃၈၅၅ | ၃၇၃၅ | ၄၁၀၅ | ၄၁၃၅ | ၃၇၅၅ | ၃၈၇၀ | ၃၈၄၅ | ၃၈၀၅ | ၃၈၁၅ | ၄၀၄၅ |
| 95 Ron | ၃၇၇၀ | ၃၉၂၅ | ၃၈၈၀ | ၃၇၉၀ | ၃၉၃၀ | ၃၉၄၅ | ၃၉၈၀ | ၃၈၆၀ | ၄၂၂၅ | ၄၂၅၅ | ၃၈၈၀ | ၃၉၈၅ | ၃၉၇၀ | ၃၉၂၅ | ၃၉၄၀ | ၄၁၆၅ |
| HSD (500 ppm) | ၄၀၂၀ | ၄၁၇၀ | ၄၁၂၀ | ၄၀၃၅ | ၄၁၇၀ | ၄၁၈၅ | ၄၂၁၅ | ၄၁၀၀ | - | ၄၄၈၀ | ၄၁၂၀ | ၄၆၆၀ | ၄၂၁၀ | ၄၁၇၀ | ၄၁၈၀ | ၄၃၉၅ |
| HSD (50 ppm) | ၄၈၇၀ | ၅၀၂၅ | ၄၉၇၅ | ၄၈၈၅ | ၅၀၃၀ | ၅၀၄၅ | ၅၀၇၅ | ၄၉၅၅ | ၅၃၂၅ | ၅၃၅၅ | ၄၉၇၅ | ၅၁၈၀ | ၅၀၆၅ | ၅၀၂၅ | ၅၀၃၅ | ၅၂၆၅ |
| HSD (10 ppm) | ၄၈၇၀ | ၅၀၂၅ | ၄၉၇၅ | ၄၈၈၅ | ၅၀၃၀ | ၅၀၄၅ | ၅၀၇၅ | ၄၉၅၅ | | ၅၃၅၅ | ၄၉၇၅ | ၅၁၈၀ | ၅၀၆၅ | ၅၀၂၅ | ၅၀၃၅ | ၅၂၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၄၅၄ | ၃၅၅၇ |
| 95 Ron | ၃၅၇၃ | ၃၆၇၈ |
| HSD (500 ppm) | ၃၈၂၅ | ၃၉၃၁ |
| HSD (50 ppm) | ၄၆၃၆ | ၄၇၅၈ |
| HSD (10 ppm) | ၄၆၃၆ | ၄၇၅၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ


မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဟန်လင်းအောင် | အကြီးတန်းသတင်းထောက် | - | ကျော်သူဝင်း၊ တင်မောင်လွင် |
| စာတည်းမှူး | - | ခင်ရတနာ | | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| စာတည်းများ | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ် | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ |
| | | | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့်အဖွဲ့ |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ |

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

❒ ရှေ့ဖုံးမှ
ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်း နိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးကိုကိုလွင်၊ ဒေါက်တာ ချာလီသန်း၊ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် မော်စကိုမြို့ရှိ ဘနုကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Gennadievich Reshetnikov၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမိုးအောင်၊ မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊လေ) ဗိုလ်မှူးချုပ် ကျော်စိုးဦးနှင့် သံရုံး၊ စစ်သံရုံး မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုစဉ်။



လေဆိပ်တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့သည်။ ထို့နောက်နိုင်ငံတော်သမ္မတသည် အလေးပြုခံနေရာ၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။ ထိုသို့ဆောင်ရွက်စဉ်ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများအား တီးမှုတ်ဂုဏ်ပြုအလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူခဲ့သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ရုရှားနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားနိုင်ငံ ဝန်ကြီးချုပ်၊ ရုရှားနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ရုရှားအစိုးရပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံသွားမည်ဖြစ်ပြီး မြန်မာ – ရုရှား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေးနှင့် စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေးကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရေးကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်သည်။ ခရီးစဉ်အတွင်း နိုင်ငံတော် သမ္မတသည် မြန်မာ – ရုရှား စီးပွားရေး ဖိုရမ်သို့လည်း တက်ရောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**ကြိုဆိုနှုတ်ဆက်**

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား မော်စကိုမြို့ရှိ ဘနုကာဘာ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Gennadievich Reshetnikov က ကြိုဆိုနှုတ်ဆက်စဉ်။**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၇**

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်–ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း ဩဂုတ် ၁၈ ရက်မှ ၂၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။




သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်–ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကာဇက်စတန်သမ္မတနိုင်ငံ အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ပြီး ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ကာဇက်စတန်သမ္မတနိုင်ငံ အာမတီမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဒါရ်ခန် ဆာတီဘယ်လ်ဒီ၊ ကာဇက်စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကာဇက်စတန်သမ္မတနိုင်ငံ အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူးတို့ တွေ့ဆုံဆွေးနွေးနေစဉ်။

**တွေ့ဆုံဆွေးနွေး**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဒါရ်ခန် ဆာတီဘယ်လ်ဒီ တို့သည် လေဆိပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်သူများက ရွေးကောက်တင်မြှောက်သည့် နိုင်ငံတော်အစိုးရမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး နှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နိုင်ငံတော်သမ္မတအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်မှစ၍ ပြည်ပနိုင်ငံများသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ပြီး နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေး တိုးမြှင့် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့ အကြား နိုင်ငံတော်အဆင့် ချစ်ကြည်ရေး ခရီးစဉ်များ အပြန်အလှန် လည်ပတ်မှုများ ဆောင်ရွက်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ကုန်သွယ်ရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်**

ယင်းနောက် နိုင်ငံတော်သမ္မတထံ အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူးက အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ပြီး နိုင်ငံတော်သမ္မတက အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ကာဇက်စတန်သမ္မတနိုင်ငံ အာမတီမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာကြရာ အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ကာဇက်စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရေဘေးကာကွယ်ရေး တာတမံများ ဘေးကင်းလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၇**

ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်း လက်ပံတန်းမြို့နယ် ကွမ်းသီးတစ်ပင် ကျေးရွာအုပ်စု စာနီစုကျေးရွာအနီးရှိ ဧရာဝတီ အရှေ့ဘက်ကမ်းတာ တာမိုင် (၉/၀)၌ ကမ်းရင်းတာ ကမ်းပါးရေတိုက်စားမှု ဖြစ်ပေါ်ခဲ့မှုအပေါ် ကာကွယ်ထားရှိမှုနှင့် ပန်းတာကြံ့ခိုင်ရေး ပြင်ဆင်ထားရှိမှု၊ ပန်းတာနောက်ဘက်ခြမ်း သဲအိတ်ထောက်ခြင်း၊ တာထိပ်မျက်နှာပြင် သဲအိတ်ထပ်ပိုးခြင်းဖြင့် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်နေမှု အခြေအနေတို့ကို ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည့် နေရာများတွင် ရေစိမ့်ထွက်မှုမရှိစေရေး Geo Textile စများဖြင့် ကြိုတင်ကာကွယ်ထားရှိရန်၊ အရေးပေါ်အခြေအနေ ကြုံတွေ့လာပါက ထိရောက်လျင်မြန်စွာ တုံ့ပြန်ကာကွယ်နိုင်ရေး အရေးပေါ်ပစ္စည်းများ ကြိုတင်စုဆောင်းထားရှိခြင်းနှင့် ရေကင်းလှည့်တာဝန်များအား ၂၄ နာရီ မပြတ် စောင့်ကြည့်စစ်ဆေးကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ထို့မှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ဧရာဝတီ အရှေ့ဘက်ကမ်းအဖျောက်တာ ကြံ့ခိုင်မှုအခြေအနေ၊ အရေးပေါ်ပစ္စည်းများ စုဆောင်းထားရှိမှု၊ ရေကင်းစခန်းများနှင့် ရေကင်းလှည့်ဇယားများ၊ တာဝန်ချထားမှု အခြေအနေများ၊ ကမ်းစားမှု ကာကွယ်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။



အလားတူ ဩဂုတ် ၁၅ ရက်က ညောင်တုန်းမြို့နယ် ချောင်းကြီးရွာနှင့် ဂန်ချောင်းရွာအနီး ဧရာဝတီမြစ်ခွဲ ညောင်တုန်းကျွန်းတာ ကြံ့ခိုင်မှုအခြေအနေ၊ တာရှေ့ရေထိမျက်နှာပြင် လျှောစောက်မြေသား ရေတိုက်စားမှုလျော့နည်းစေရေး ရေကာတန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မြစ်ရေထိတွေ့နိုင်သော ရှေ့အလျှောမြေသား လျှောစောက်အခြေမှ တုတ်တန်းရိုက် သဲအိတ်ချရေကာတန်းများ ပြုလုပ်၍ ထိရောက်စွာ ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရေး တာတမံဘေးကင်းလုံခြုံရေးဆိုင်ရာ ဆောင်ရွက်သင့်သည်များကို ဆွေးနွေးမှာကြားသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

လဟယ်မြို့ရှိ သတ်မှတ်ထားသောနေရာတွင် အင်တာနက်အသုံးပြုနိုင်သဖြင့် အွန်လိုင်းစာမျက်နှာများနှင့် အချက်အလက်များကို လွယ်ကူချောမွေ့စွာ စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ဟုမ္မလင်းမြို့နယ်တွင်လည်း ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် GSM မိုဘိုင်းစခန်း ၁၅ ခုကို ဖုန်းခေါ်ဆိုမှု(အသံ)၊ စာတိုပေးပို့မှု (SMS) ဖွင့်လှစ်အသုံးပြုပေးထားကာ Transmission အဝေးဆက်ကြောင်းလိုင်းဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိနေသေးသဖြင့် ပြည်သူများ ဆက်သွယ်ရေးအဆင်ပြေစေရန်အတွက် ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် သတ်မှတ်နေရာတွင် အင်တာနက်ဝန်ဆောင်မှုများကို အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည်။

အလားတူဖောင်းပြင်မြို့နယ်၌လည်း မိုက်ကရိုဝေ့အဝေးဆက်ကြောင်းနှင့် ပင်မဖိုက်ဘာဆက်ကြောင်း ပြတ်တောက်မှုဖြစ်ပွားနေရခြင်းအတွက် လက်ရှိတွင် ဂြိုဟ်တုဆက်သွယ်ရေးစနစ်အသုံးပြု၍ ဖောင်းပြင်မြို့နယ်အတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ဝါကြိတ်စက်များအား အထူးဈေးငွေအစီအစဉ်ဖြင့် ရောင်းချပေးမည်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ပြည်တွင်းထုတ်ဝါကြိတ်စက် (ဂျင်ခုံ)များ ဝယ်ယူနိုင်ရေးကိစ္စ)**
**လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းမှထွက်ရှိသည့် ဝါများအား အပြည့်အဝ ကြိတ်ခွဲနိုင်ရန်နှင့် တောင်သူများအနေဖြင့် စိုက်ပျိုးထွက်ရှိသည့် ဝါများအား တစ်ပိုင်တစ်နိုင်ကြိတ်ခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်တို့အတွက် ပြည်တွင်းမှ ထုတ်လုပ်ထားရှိသည့် ဝါကြိတ်စက်များအား အထူးဈေးငွေအစီအစဉ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံ ရာဂျာစတန်ပြည်နယ်မှ အစိုးရအဖွဲ့အကြီးအကဲများနှင့်တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ရာဂျာစတန်ပြည်နယ် ဂျေပူရ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင်ရောက်ရှိကြရာ ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့်ကျန်းမာရေးဝန်ကြီး ဂါဂျန်ဒရာဆင်းနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်မိုးလွင်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထို့နောက် နိုင်ငံတော်သမ္မတသည် လေဆိပ်ဧည့်ခန်းမဆောင်တွင် ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့် ကျန်းမာရေးဝန်ကြီးနှင့်တွေ့ဆုံ၍ နိုင်ငံတော်သမ္မတအနေဖြင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန် ဒရာမိုဒီ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ ဇွန်လအတွင်း တရားဝင် ခရီးစဉ် လာရောက်ခဲ့မှုနှင့် ခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ တို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမို တိုးတက်ကောင်းမွန်အောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့မှုအခြေအနေ များ၊ နှစ်နိုင်ငံပြည်သူများအကြား ကူးလူးဆက်ဆံမှုများစွာရှိပြီး နှစ်နိုင်ငံ ဆက်ဆံရေးသည် လက်ရှိအချိန်တွင် ဒေသအတွင်း အကောင်းဆုံး ဖြစ်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နယ်စပ် ကုန်သွယ်မှုများတိုးမြှင့်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ရာဂျာစတန်ပြည်နယ် ဆေးဝါး နှင့် ကျန်းမာရေးဝန်ကြီး ဂါဂျန်ဒရာဆင်းတို့သည် အမှတ်တရလက်ဆောင် ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့် ကျန်းမာရေးဝန်ကြီး ဂါဂျန်ဒရာဆင်းတို့ တွေ့ဆုံဆွေးနွေးစဉ်။

**ပို့ဆောင်နှုတ်ဆက်**

ၓင်းနောက် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဂျေပူရ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာရာ ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့် ကျန်းမာရေးဝန်ကြီးနှင့် ပြည်နယ်အစိုး ရအဖွဲ့မှတာဝန်ရှိသူများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) နှင့် တာဝန် ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**



*❈ ပြည်သူ့စစ်မှုထမ်းတာဝန်မှ* ထမ်းဆောင်ပြီး သူများအတွက် အလုပ်အကိုင်ရရှိရေးနှင့် အရင်းအနှီးချေးငွေများရရှိရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ပြည်နယ်အစိုးရ အဖွဲ့ရုံးအောင်ဆန်းခန်းမ၌ ကျင်းပ ပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာ စကားပြောကြား၍ ပြည်နယ် ဝန်ကြီးများနှင့် တာဝန်ရှိသူများ ၏ ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ပြီး၍ ပြန်လည် ရောက်ရှိလာသူများအတွက် အလုပ် အကိုင်ရရှိရေးနှင့် အရင်းအနှီး ချေးငွေများရရှိရေး ဆောင်ရွက်ပေး မည့် အစီအစဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်း လင်းတင်ပြမှုအပေါ် ပေါင်းစပ် ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

## အမြင့်ဆုံး နေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ညောင်ဦးမြို့ | ၃၅ ဒသမ ၀ | ၉၅ ဒသမ ၀ |
| ၂။ | ကျောက်ဆည်(လွန်ကျော်) | ၃၅ ဒသမ ၀ | ၉၅ ဒသမ ၀ |
| ၃။ | ပဲခူးမြို့ | ၃၄ ဒသမ ၈ | ၉၄ ဒသမ ၆ |
| ၄။ | ကလေးဝမြို့ | ၃၄ ဒသမ ၁ | ၉၃ ဒသမ ၄ |
| ၅။ | မော်ဘီမြို့ | ၃၄ ဒသမ ၀ | ၉၃ ဒသမ ၂ |
| ၆။ | ရန်ကုန်(ကမ္ဘာအေး) | ၃၄ ဒသမ ၀ | ၉၃ ဒသမ ၂ |
| ၇။ | စစ်ကိုင်းမြို့ | ၃၄ ဒသမ ၀ | ၉၃ ဒသမ ၂ |

**မိုး/ဇလ**

*❂ ရှေ့ဖုံးမှ*

သွေးကြော ခွဲစိတ်ကုသဌာနၶ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင် ခဲ့ကြောင်း၊ လူနာကို အထူးကြပ် မတ်ကုသမှုဌာနတွင် လိုအပ်သော ကုသမှုများ ဆက်လက်ဆောင် ရွက်ပေးနေပြီး ကျန်းမာရေးအခြေ အနေ တိုးတက်ကောင်းမွန်လာ ပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန် ပြည်သူ့ဆေးရုံကြီး၊ နှလုံးနှင့် သွေးကြောခွဲစိတ်ကုသ ဌာနတွင် မွေးရာပါနှလုံးရောဂါ များ၊ နှလုံးအဆို့ရှင်ဆိုင်ရာရောဂါ များ၊ နှလုံးသွေးကြောပိတ်ရောဂါ နှင့် နှလုံးသွေးလွှတ်ကြောမကြီး ခွဲစိတ်ကုသမှုများကို ပုံမှန်ဆောင် ရွက်ပေးလျက်ရှိပြီး ၂၀၂၅ ခုနှစ် အတွင်း Major Operation ခွဲစိတ်ကုသမှု ၂၃၅ ခုနှင့် ၂၀၂၆ ခုနှစ် ဇူလိုင်လအထိ ၁၃၅ ခု ဆောင်ရွက်နိုင်ခဲ့သည်။



အဆိုပါ ခွဲစိတ်ကုသမှုတွင် ပါဝင်ဆောင်ရွက်သည့် UK နိုင်ငံမှ ပါမောက္ခဒေါက်တာ အောင်ရဲဦး သည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာမှစတင် ၍ ယခုအထိ မြန်မာနိုင်ငံ၏ နှလုံး နှင့် သွေးကြောရောဂါ ခွဲစိတ် ကုသမှုတွင် ပူးပေါင်းဆောင်ရွက် လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ ကာလအလွန် ၂၀၂၃ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၃ ရက်အထိ မြန်မာနိုင်ငံသို့ ကိုးကြိမ်လာရောက် ခဲ့ပြီး ပူးပေါင်းခွဲစိတ်ကုသမှု ၃၈ ခု ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နှလုံးနှင့် သွေးကြောခွဲစိတ်ကုသမှု ဆိုင်ရာမျိုးဆက်သစ်များ မွေးထုတ် နိုင်ရေးအတွက် ဆေးပညာ သင်ကြားရေး အစီအစဉ်များတွင် လည်း ပါဝင်ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေ ရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိ ကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၆၃ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်

( ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် )

**ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄ ၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆ ၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ခိုင်ခိုင်စိုး အား နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၆၄ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်

( ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် )

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄ ၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးရဲထွန်းဦး အား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှု အမှတ်(၁/၂၀၂၆)ကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဒေါ်ခင်သင်းဝေတို့ပါဝင်သည့် စုံညီခုံရုံးသည် ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)၊ စုံညီခုံရုံး၌ ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ် (၁/၂၀၂၆) ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့ရှိ ရုပ်ရှင်အခြေခံ အဆောက်အအုံများ၊ ရုပ်မြင်သံကြားထုတ်လွှင့်မှုလုပ်ငန်းများ ကြည့်ရှုလေ့လာ

**ဟိုက်ဒရာဘတ် ဩဂုတ် ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့ရှိ Ramoji Film City နှင့် Eenadu Television– ETV ရှိ ရုပ်ရှင်ရိုက်ကူးရေးနှင့် ရုပ်သံထုတ်လွှင့်ရေး လုပ်ငန်းများသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

အဆိုပါ Ramoji Film City နှင့် ETV ရှိ ရုပ်ရှင်အခြေခံအဆောက်အအုံများ ဖြစ်သည့် ရုပ်ရှင်ရိုက်ကူးရေး စတူဒီယိုများ၊ အဆောက်အအုံများအားဖန်တီး၍ ဇာတ်ဝင်ခန်းများ ပြုလုပ်ဖန်တီးထားမှု၊ Virtual Effect များ၊ Stunt Show နှင့် Live Performance များ ဆောင်ရွက်နေမှုများ၊ ရုပ်ရှင်အခြေပြု ခရီးသွားလုပ်ငန်းနှင့် ဖျော်ဖြေရေး လုပ်ငန်းများကို တစ်နေရာတည်းတွင် ပေါင်းစပ်ထားမှုများ၊ Satellite ဂြိုဟ်တုအသုံးပြု၍ တိုက်ရိုက်ထုတ်လွှင့်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုလေ့လာသည်။

ညနေပိုင်းတွင် The National Bank for Agriculture and Rural Development– NABARD ၏ Former Chairman ဖြစ်သူ Dr. G. R Chintala နှင့် Indian Telephone Industries Limited–ITI ၏ Director ဖြစ်သူ Mr. Ramana Babu တို့နှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သတင်းအချက်အလက် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြန်ကြားရေးကဏ္ဍ အသိပညာပေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးသည်။

ယနေ့တွင်ဟိုက်ဒရာဘတ်မြို့ရှိ Object One Co., Ltd. မှ တာဝန်ရှိသူများက Over The Top (OTT) Platform Development & Radio, Film & TV Content Creation ၊ TeleguOne Platform နှင့်ပတ်သက်၍ လည်းကောင်း၊ Kalgudi Co., Ltd. က Digital Initiatives လုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ အကြားပြန်ကြားရေးလုပ်ငန်းများ၊ ရုပ်ရှင်လုပ်ငန်းများ၊ ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းလုပ်ငန်းများနှင့် အခြားဆက်စပ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စများအား လည်းကောင်း ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## မြစ်ကြီးနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ အသက် (၁၀) နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသည့် ကျောင်းသား ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ဆောင်ရွက်ထုတ်ပေး

**နေပြည်တော် ဩဂုတ် ၁၇**

မြစ်ကြီးနားမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ အသက် (၁၀) နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသည့် ကျောင်းသား ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နေ့ချင်းပြီးဆောင်ရွက်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID တို့ကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် တာဝန်ရှိသူများက ကာယကံရှင် ကျောင်းသား ကျောင်းသူတစ်ဦးချင်းသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသည့် ကျောင်းသား ကျောင်းသူများအားစိစစ်၍ နိုင်ငံသားကတ်ထုတ်ပေးရေးလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် နိုင်ငံသားစိစစ်ရေးကတ်ရှိပြီးသူများအား e–ID စနစ်ဖြင့် UID ကောက်ယူဆောင်ရွက်ပေးနေမှု အခြေအနေများကို အဆိုပါကျောင်း၌ ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်အတူ ယနေ့ နံနက်ပိုင်းက လှည့်လည်ကြည့်ရှု အားပေးကာ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နယ်မြေဒေသလုံခြုံရေးအခြေအနေအရ မြစ်ကြီးနားမြို့ရှိ လဝကဝန်ထမ်းအိမ်ရာ၌ ယာယီရုံးများအဖြစ် ဖွင့်လှစ်ထားရှိသည့် ချီဖွေ၊ ဆော့လော်၊ ဗန်းမော်၊ မန်စီ၊ ဖားကန့်နှင့် ဝိုင်းမော် ယာယီမြို့နယ်ဦးစီးမှူးရုံးများ၌ ဝန်ထမ်းများက သက်ဆိုင်ရာမြို့နယ်များမှ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းဆိုင်ရာလုပ်ငန်းများ၊ e–ID စနစ်ဖြင့် UID ကောက်ယူထုတ်ပေးခြင်းလုပ်ငန်းများ စိစစ်ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး မြစ်ကြီးနားမြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထို့ပြင် နယ်မြေဒေသလုံခြုံရေးအခြေအနေအရ ကချင်ပြည်နယ်ဦးစီးမှူးရုံးဝင်းအတွင်း ယာယီရုံးအဖြစ် ဖွင့်လှစ်ထားရှိသည့် ဗန်းမော်ခရိုင်ဦးစီးမှူးရုံးနှင့် မိုးမောက်၊ ဆွမ်ပရာဘွမ်မြို့နယ် ဦးစီးမှူးရုံးများ အခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ အခက်အခဲများကို မေးမြန်းဆွေးနွေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၇**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားနည်းများအလိုက် လေ့ကျင့်မှုများပြုလုပ်

**နေပြည်တော် ဩဂုတ် ၁၇**

(၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် လက်ရွေးစင်အားကစားသမားများ၊ လူငယ်အားကစားသမားများ ဖြစ်သည့် ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ ပြေးခုန်ပစ် အားကစားသမားများနှင့် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားရေးရာဝန်ကြီးဌာန ကိုယ်စားပြု ပိုက်ကျော်ခြင်း အားကစားသမားများသည် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ သက်ဆိုင်ရာ အားကစားကွင်း အားကစားရုံများ၌ အားကစားနည်းအလိုက် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

**စခန်းသွင်းလေ့ကျင့်**

ထိုသို့ ပိုက်ကျော်ခြင်း အမျိုးသား အမျိုးသမီးအသင်းလိုက် လေ့ကျင့်နေမှု၊ ကွင်းသွင်းခြင်းခတ် အားကစားသမားများ၏ လေ့ကျင့်နေမှု၊ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်နေမှုများကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ဒုတိယဝန်ကြီး ဦးညီညီနှင့်အတူ ကြည့်ရှုအားပေးပြီး အားကစားလေ့ကျင့်ရေးခန်းမ (၂)ရှိ ခြင်းလုံးလေ့ကျင့်ရေးရုံ၌ ခြင်းလုံး အားကစားသမားများ၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေး၍ အားကစားသမားများအတွက် တစ်ကိုယ်ရေအသုံးအဆောင်များ ဖြစ်သည့် သွားတိုက်ဆေး၊ သွားတိုက်တံ၊ ရေချိုးဆပ်ပြာနှင့် နည်းပြများကို ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်သည်။ **(အပေါ်ပုံ)**



**စနစ်တကျ ပြုစုပျိုးထောင်**

ထို့ပြင် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ပြေးခုန်ပစ် လက်ရွေးစင် အားကစားသမားများနှင့် လူငယ်အားကစားသမားများ၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး အားကစားသမားများအတွက် တစ်ကိုယ်ရေ အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကာ အုပ်ချုပ်မှုအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ မြန်မာ့အားကစားအဆင့်အတန်း ပြန်လည် ဦးမော့လာစေရေး၊ ပြေးခုန်ပစ် အားကစားအဆင့်အတန်း ပိုမိုတိုးတက်လာစေရေး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ မွေးထုတ်ပေးရေး၊ အားကစားသမားများအား ပြန်လည်စုဖွဲ့၍ စနစ်တကျ ပြုစုပျိုးထောင်လေ့ကျင့် သင်ကြားပေးရေးနှင့် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုကိစ္စများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ရာ မြန်မာ့အားကစားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးစားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အထိမ်းအမှတ် အာဟာရချက်ပြုတ် သရုပ်ပြပြိုင်ပွဲကျင်းပ

**မြစ်ကြီးနား ဩဂုတ် ၁၇**

ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အထိမ်းအမှတ် အာဟာရချက်ပြုတ်သရုပ်ပြပြိုင်ပွဲ၊ စံပြမိခင်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ စုပေါင်းရုံး မနောရွှေပြည်ခန်းမ၌ ကျင်းပပြီး ဆုရရပ်ကွက်များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်း၊ အာဟာရဗဟုသုတပြိုင်ပွဲတွင် ဆုရရှိသည့် ကိုယ်ဝန်ဆောင်မိခင်နှင့်နို့တိုက်မိခင်များအား စံပြမိခင်ဆုများ ပေးအပ်ချီးမြှင့်ခြင်းနှင့် အာဟာရများ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အာဟာရဗဟုသုတများ ဖြန့်ဝေကျင့်သုံးခြင်းဖြင့် ပြည်နယ်အတွင်း ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာရေးနှင့် ညီညွတ်သည့် စားသောက်မှုအလေ့အထများ ပိုမိုဖြစ်ထွန်းလာကာ အာဟာရပြည့်ဝ ကျန်းမာဉာဏ်ရည်မြင့်မားသော မိသားစုနှင့် ဒေသအကျိုး သယ်ပိုးနိုင်သူများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း မှာကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များကို အာဟာရပြည့်ဝ မျှတစွာ ချက်ပြုတ်စားသောက်တတ်စေရန်နှင့် မြစ်ကြီးနားမြို့နယ်၏ အာဟာရမျှတမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ရပ်ကွက်များအလိုက် အာဟာရချက်ပြုတ်သရုပ်ပြပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး မူကြိုကလေးငယ်များအား အားဆေးများတိုက်ကျွေး၍ အာဟာရများ ဝေငှပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ကချင်ပြည်နယ် လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်၏ဂုဏ်ကို မြှင့်တင်အောင်ပွဲခံနိုင်အောင် ကြိုးစားယှဉ်ပြိုင်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့ပြင် ပြည်နယ်လက်ရွေးစင်အသင်းနည်းပြက တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပိုက်ကျော်ခြင်းအတွက် အောင်နိုင်ရေးအလံနှင့် ချီးမြှင့်ငွေကျပ် ၁၅ သိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ဖလမ်းမြို့အတွင်း ရုံးသုံးဆိုလာလျှပ်စစ်မီး တပ်ဆင်အသုံးပြုမှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ဖလမ်း ဩဂုတ် ၁၇**

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဖလမ်းခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ရုံးလုပ်ငန်းဆောင်ရွက်ရန် ဦးစားပေးအလိုက် ဆိုလာလျှပ်စစ်မီးများ တပ်ဆင်ပေးလျက်ရှိကြောင်း၊ ဖလမ်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့နယ်ပညာရေးမှူးရုံးတွင် 6kv Watt ဆိုလာလျှပ်စစ်မီးတပ်ဆင်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

6kv Watt ဆိုလာလျှပ်စစ်မီး တပ်ဆင်ခြင်းဖြင့် ရုံးသုံး Computerနှင့် Printer ငါးစုံ၊ ၂၀ ဝပ် အားသုံးလျှပ်စစ်မီးလုံး ၂၀ အပါအဝင် အခြားလျှပ်စစ်ပစ္စည်း ၁၀၀၀ ဝပ် ပမာဏခန့် သုံးစွဲနိုင်မည်ဖြစ်ပြီး ထိုသို့ ရုံးသုံးဆိုလာလျှပ်စစ်မီး တပ်ဆင်အသုံးပြုမှုနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်း ၂၄၀ အား ကိုဗစ်ကာကွယ်ဆေးထိုးနှံပေးနေမှုနှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ခရိုင်သစ်တောဦးစီးဌာန ဦးစီးအရာရှိရုံး အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်များကို မူလပုံသဏ္ဍာန်မပျက် ထိန်းသိမ်းပြုပြင်ရန် မှာကြားသည်။

အလားတူ တီးတိန်မြို့ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးသည် တီးတိန်မြို့နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် တီးတိန်မြို့မရဲစခန်း စခန်းရုံးသစ်အဆောက်အအုံ၊ တီးတိန်မြို့ ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံ၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း စားရိပ်သာနှင့်သင်တန်းသူ နှစ်ထပ်အိပ်ဆောင်၊ မြေထိန်းနံရံ ဆေးသုတ်ခြင်းလုပ်ငန်းနှင့် စည်ပင်သာယာရေးအဖွဲ့က တီးတိန်-ငင်နူန်းသွား လမ်းတစ်လျှောက် သန့်ရှင်းရေးပြုလုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များသည် တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် ဌာနဆိုင်ရာ အဆောက်အအုံများ ဖြစ်သည့် ရုပ်သံထပ်ဆင့်လွှင့်ရုံ နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ ပြုပြင်ခြင်း၊ လူငယ်သင်တန်းကျောင်း ကျောင်းသား အိပ်ဆောင်၊ စတိုဆောင်နှင့် ထမင်းစားဆောင်ပြုပြင်ခြင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



### နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၇**

ဩဂုတ် ၁၉ ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ **မိုး/ဇလ**

# လွှတ်တော်ကဏ္ဍမြင့်မားရေးနှင့် စွမ်းဆောင်ရည်တိုးတက်ရေး

**ပြည်သူကို လေးစား၊ သစ္စာတရား တန်ဖိုးထားမှုများနှင့် အခင်းအကျင်းသစ်တွင် မဏ္ဍိုင်အသစ်၊ လွှတ်တော်သစ်များ ပေါ်ထွက်ခဲ့သည်မှာ ရက်ပေါင်း ၁၀၀ ကျော်ခဲ့ပါပြီ။ သံသယများဖယ်ခွာ၊ ယုံကြည်မှု၊ နားလည်မှုများတည်ဆောက်ပြီး တာထွက်ကောင်းခဲ့သည့် လွှတ်တော်၊ လွှတ်တော်နှင့်အတူ ပြည်သူ့ကိုယ်စားလှယ်များလည်း ပေါ်ထွက်ခဲ့ပါပြီ။**

*မိုးကေနိုင်*

ပြည်သူ့အကျိုး ရှေးရှုသော လွှတ်တော်တာဝန်များနှင့်အတူ တာဝန်ယူ၊ တာဝန်ခံမှုများဖြင့်သက်သေပြရန် အချိန်တိုအတွင်း အတိုင်းအတာတစ်ခုအထိ ခရီးရောက်ခဲ့သည်ဟု ဆိုနိုင်သည်။ လွှတ်တော်ဆိုသည်ကား သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ ပြည်သူတို့၏ ဆန္ဒနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့်နေရာတစ်ခုပင်။ ထို့ကြောင့် နိုင်ငံအတွက်ရသည့်အချိန်မှာ မနားတမ်းအလုပ်လုပ်ကြရသည်။ တစ်ချိန်တည်း လွှတ်တော်မဏ္ဍိုင် မြင့်မားတိုးတက်အောင်လည်း ကြိုးစားတည်ဆောက်ကြရသည်။

**လွှတ်တော်ကဏ္ဍမြင့်မားရေးနှင့် ကိုယ်စီစွမ်းရည်က အပြန်အလှန် အထောက်အကူပြု**

တစ်ဖက်မှာ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့ စွမ်းရည်များ မြင့်မားတိုးတက်နေစေရန် အစဉ်ကြိုးစားရသည်။ လွှတ်တော်ကဏ္ဍမြင့်မားရေးနှင့် ကိုယ်စားလှယ်များ၏ စွမ်းရည်တိုးတက်ရေးက အပြန်အလှန်အကျိုးပြုကြသည့်နည်းတူ မျဉ်းပြိုင်သဖွယ်လည်း ဖြစ်ရမည်။ လွှတ်တော်တာဝန် များပြားသည့်ကြားက ကိုယ်စားလှယ်တစ်ယောက်တွင် ရှိထိုက်သည့် ဗဟုသုတ၊ အတွေးအခေါ်နှင့် စဉ်းစားဆင်ခြင်နိုင်စွမ်းများ အားနည်းသည်ဟု အထင်အမြင်မှား မခံရစေရန် မိမိတို့၏ ကိုယ်စီစွမ်းရည်များကို ကြိုးစားတည်ဆောက်ကြရသည်။ ပြည်သူ့ကိုယ်စားလှယ်ဆိုသည်မှာ မိမိတာဝန်ထမ်းဆောင်ရာ နေရာ ရုပ်ပိုင်းဆိုင်ရာ ခမ်းနားထည်ဝါမှုများနှင့်အညီ အတွေးအခေါ် အနေအထိုင်မှအစ ပြည်သူက နမူနာယူစရာ ပုဂ္ဂိုလ်များသဖွယ် စံပြနေထိုင်ရပါသည်။ ပြည်သူကို အကျိုးပြု၍ ပြည်သူကို ချမ်းသာအောင်၊ နိုင်ငံကို တိုးတက်အောင် မိမိတို့စွမ်းရည်များကို အစဉ်တိုးမြှင့်တည်ဆောက်နေရမည်ဟု ခံယူထားပါသည်။

**ယခု အခင်းအကျင်းအသစ်များနှင့် ပေါ်ပေါက်လာသည့် လွှတ်တော်များသည် သက်တမ်း၊ အတွေ့အကြုံ၊ နောက်ခံသမိုင်းအားဖြင့် အလွန်နုနယ်သေးသည်ဟု ဆိုရပါမည်။ နုနယ်မှုမှသည် ရင့်ကျက်မှုဆီ အလျင်အမြန်ပြောင်းနိုင်စွမ်းက မိမိတို့၏ ခံယူချက်နှင့် လုပ်ကိုင်နိုင်စွမ်း အပေါ်မူတည်ပါသည်။ နိုင်ငံအတွက်၊ ပြည်သူ့အတွက်ဆိုသော ခံယူချက်အမှန်ဖြင့် စေတနာ၊ အနစ်နာ၊ စိတ်ရှည်သည်းခံမှု၊ အမြော်အမြင်ကြီးမှုတို့ များစွာရှိရပါသည်။ ထို့အတွက် သတိ၊ ဝီရိယ၊ ပညာ စသည့်စိတ်စွမ်းအင်များ အရေးကြီးပါသည်။**

ထိုစိတ်ဓာတ်စွမ်းအားများဖြင့် တစ်ဦးနှင့် တစ်ဦး၊ ပါတီတစ်ခုနှင့် တစ်ခု၊ မဏ္ဍိုင်တစ်ရပ်နှင့် တစ်ရပ်အကြား လိုအပ်ချက်များကို ဖြည့်စွက်ပေးပြီး အထောက်အကူပြုကြရပါသည်။ ပူးပေါင်းပါဝင်ကူညီကြရပါသည်။ ဤသည်ပင် အပြန်အလှန်စောင့်ကြည့်ထိန်းညှိခြင်းမည်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အတိတ်မှာ သင်ခန်းစာယူစရာများစွာ ရှိခဲ့ပြီးဖြစ်၍ အမျိုးသားအကျိုးစီးပွားအတွက် အရာရာကို သတိကြီးစွာထားရသောအခြေအနေတွင် ရှိနေဆဲကို သတိမူနိုင်ရန်ဖြစ်ပါသည်။ ခက်ခက်ခဲခဲကြိုးပမ်းရယူထားရသည့်အရာမှန်သမျှ တန်ဖိုးကြီးသည်ဖြစ်၍ ထိုတန်ဖိုးကို တက်သည်ထက် တက်နေအောင်ကြိုးစားရမည့်တာဝန် အားလုံးတွင် ရှိပါသည်။

**ပြည်သူ့ယုံကြည်မှုကိုရရှိရန် ပြည်သူ့အသံ၊ ဆန္ဒ၊ မျှော်မှန်းချက်များ အလေးထား**

ဤသို့စိတ်ဓာတ်များ၊ ခံယူချက်များဖြင့် ပြီးခဲ့သည့် တတိယအကြိမ် ပထမ၊ ဒုတိယပုံမှန်လွှတ်တော်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များအားလုံးက လုပ်ဆောင်ချက်အားလုံးတွင် တာဝန်ကျေခဲ့ကြပါသည်။ ၁၆-၃-၂၀၂၆ ရက်နေ့မှ ၈-၄-၂၀၂၆ ရက်နေ့အထိ ကျင်းပခဲ့သည့် ပထမပုံမှန် အစည်းအဝေးများကနေ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်ပြည်ထောင်စုအဆင့်/ နိုင်ငံတော်အဆင့် အဖွဲ့အစည်းများကို ဖွဲ့စည်းနိုင်ခဲ့ပြီး နိုင်ငံ့ဦးဆောင်များကို အောင်မြင်စွာ ရွေးချယ်ပေးနိုင်ခဲ့ပါသည်။ လွှတ်တော်များသည် ပြည်သူ့အသံကို ကိုယ်စားပြုသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် အပြန်အလှန်လေးစားမှုတို့ကို အခြေခံဆောင်ရွက်ရပါသည်။ ထိုသို့ဆောင်ရွက်နိုင်မှသာ ပြည်သူများ၏ ယုံကြည်မှုကို ရရှိပြီး ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ထားပြီးဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေပြုရေးအာဏာကျင့်သုံးရာ ဗဟိုအဖွဲ့အစည်းများအဖြစ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ လွှတ်တော်နှစ်ရပ်စနစ်ဖြင့် ပေါင်းစည်းဖွဲ့စည်းသည့် ပြည်ထောင်စုလွှတ်တော်ဟူ၍ လွှတ်တော်များ ဖွဲ့စည်းထားရှိသည်။ ခေတ်နှင့်အညီ ဥပဒေများ အသစ်ပြဋ္ဌာန်း/ပယ်ဖျက်/ ပြင်ဆင်ခြင်းဖြင့် ဥပဒေပြုခြင်း၊ အုပ်ချုပ်ရေး၊ တရားရေးမဏ္ဍိုင်များနှင့် ပေါင်းစပ်ကူညီအားဖြည့်ခြင်းဖြင့် ထိန်းညှိခြင်းတာဝန်၊ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက်များကို လွှတ်တော်အသံ၊ လွှတ်တော်ဆန္ဒများသဖွယ် အလေးထား၍ လုပ်ငန်းများ ဖော်ဆောင်ခြင်းဖြင့် ပြည်သူကို ကိုယ်စားပြုခြင်း၊ အထက်တွင် တင်ပြခဲ့သလို နိုင်ငံ့အကြီးအကဲများ ရွေးချယ်ခြင်းလုပ်ငန်းတာဝန်များမှာ လွှတ်တော်များအားလုံး သဘောသဘာဝချင်း တူညီပါသည်။

သို့ဖြစ်၍ ပြီးစီးခဲ့သည့် ပုံမှန်အစည်းအဝေးနှစ်ခုအတွင်း လွှတ်တော်များဖွံ့ဖြိုးရေးနှင့် ပြည်သူ့ကိုယ်စားပြု စွမ်းဆောင်နိုင်ခဲ့သည်များကို ကိုယ်စားလှယ်များပါဝင်မှု၊ ဆောင်ရွက်ချက်၊ လုပ်ငန်းပြီးစီးမှုများအလိုက် ပြည်သူ့လွှတ်တော်ဆောင်ရွက်ချက်များနှင့် ချိန်ထိုး၍ တင်ပြလိုပါသည်။ ယခုလို အစဦးကာလတွင် ဆောင်ရွက်နိုင်မှုကို အရေအတွက်နှင့်သာ ဆန်းစစ်နိုင်မည်ဖြစ်ပြီး လွှတ်တော်မှ ဆုံးဖြတ်ချက်များကို နောက်ဆက်တွဲ အကောင်အထည်ဖော်နိုင်မှုအတိုင်းအတာကို စဉ်ဆက်မပြတ်ဆန်းစစ်၍သာ အရည်အသွေးပိုင်းကို ကြည့်နိုင်မည်ဟု ယူဆပါသည်။

ပြည်သူ့လွှတ်တော်ကို ပမာထား၍ ဆောင်ရွက်နိုင်မှုကို ကြည့်လျှင် ၂-၆-၂၀၂၆ ရက်နေ့မှ ၃၀-၇-၂၀၂၆ ရက်နေ့အထိ ၃၂ ရက်ကြာ ကျင်းပခဲ့သော တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးများတွင် မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေပြုရေးလုပ်ငန်းများကြောင့် လွှတ်တော်၏ဥပဒေပြုရေး၊ အပြန်အလှန်ထိန်းညှိရေးနှင့် ကိုယ်စားပြုရေးတာဝန်များ စတင်အသက်ဝင်လာသည်ဟု ဆိုရပါမည်။ သက်ဆိုင်ရာမဲဆန္ဒနယ်များ၏ လိုအပ်ချက်များကို ထင်ဟပ်သည့် ပြည်သူ့အသံများစွာကို လွှတ်တော်ထဲ ရောက်အောင် ပို့ဆောင်နိုင်ခဲ့ကြသည်။

> **“ လွှတ်တော်၏ အခြေခံများကို တည်ဆောက်ဆဲကာလမှာပင် ကြယ်ပွင့်ပြမေးခွန်း ၂၈၆ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၄၃၆ ခု၊ အဆိုသုံးရပ်၊ ဥပဒေကြမ်း သုံးခုကို မေးမြန်းတင်သွင်းဆွေးနွေးနိုင်ခဲ့ခြင်းမှာ ကိုယ်စားလှယ်များ၏ စွမ်းဆောင်နိုင်မှုပင်ဖြစ်သည်။ ဒုတိယပုံမှန်အစည်းအဝေးတစ်ခုတည်းမှာ ကြယ်ပွင့်ပြမေးခွန်း ၈ ခုအထိ မေးမြန်းနိုင်သူ ကိုယ်စားလှယ်တစ်ဦးနှင့် မေးခွန်း ငါးခုအထိ မေးမြန်းသူ ကိုယ်စားလှယ် ၁၂ ဦး၊ အဆို ဆွေးနွေးမှုများတွင် သုံးကြိမ်အထိ ပါဝင်ဆွေးနွေးခဲ့သူ ကိုယ်စားလှယ်ရှိခဲ့သည်ကိုကြည့်၍ ပြည်သူကို ကိုယ်စားပြုမှုနှင့် ပါဝင်မှုအတိုင်းအတာကို အကဲခတ်နိုင်ပါလိမ့်မည် ”**

**လွှတ်တော်၏ အခြေခံများကို တည်ဆောက်ဆဲကာလမှာပင် ကြယ်ပွင့်ပြမေးခွန်း ၂၈၆ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၄၃၆ ခု၊ အဆိုသုံးရပ်၊ ဥပဒေကြမ်း သုံးခုကို မေးမြန်းတင်သွင်း ဆွေးနွေးနိုင်ခဲ့ခြင်းမှာ ကိုယ်စားလှယ်များ၏ စွမ်းဆောင်နိုင်မှုပင်ဖြစ်သည်။ ဒုတိယပုံမှန်အစည်းအဝေးတစ်ခုတည်းမှာ ကြယ်ပွင့်ပြမေးခွန်း ၈ ခုအထိ မေးမြန်းနိုင်သူ ကိုယ်စားလှယ်တစ်ဦးနှင့် မေးခွန်း ငါးခုအထိ မေးမြန်းသူ ကိုယ်စားလှယ် ၁၂ ဦး၊ အဆို ဆွေးနွေးမှုများတွင် သုံးကြိမ်အထိ ပါဝင်ဆွေးနွေးခဲ့သူ ကိုယ်စားလှယ်ရှိခဲ့သည်ကို ကြည့်၍ ပြည်သူကို ကိုယ်စားပြုမှုနှင့် ပါဝင်မှုအတိုင်းအတာကို အကဲခတ်နိုင်ပါလိမ့်မည်။**

ကဏ္ဍအလိုက် မေးမြန်းမှုကို ကြည့်လျှင် ဆောက်လုပ်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍသည် ၂၀ ရာခိုင်နှုန်းခန့်ဖြင့် အများဆုံးရှိခဲ့ပြီး မိမိဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်၊ ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာများ မေးမြန်းဖြေကြားမှုများက အများဆုံးနေရာယူခဲ့သည်ကို တွေ့ရှိရပါသည်။

ဥပဒေပြုရေးအပိုင်းကို ကြည့်လျှင် ဒီဂျစ်တယ်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုသော အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေး၊ နိုင်ငံရေးအဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်းများနှင့်အညီဖြစ်စေမည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်ဆိုင်ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မတီက တင်သွင်းသည့် **“ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်”** ဥပဒေကြမ်း သုံးခုကို ဆွေးနွေးခဲ့ကြပြီး ထိုဥပဒေကြမ်းများကို အဆုံးအဖြတ်ရယူ၍ သက်ဆိုင်ရာလွှတ်တော်သို့ ပြန်လည်ပေးပို့ခြင်း၊ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်နိုင်ခဲ့သည်ကို တွေ့ရှိရသည်။

**တင်သွင်းခဲ့သည့်အဆိုများကို ကြည့်လျှင် ဆွေးနွေးသူ ၁၀ ဦးရှိခဲ့သည့် လယ်ယာထွက်ကုန်ဈေးနှုန်းထိန်းညှိရေးဆိုင်ရာ အဆိုက ပြည်သူ့လူမှုစီးပွားဘဝများကို တိုက်ရိုက်ထင်ဟပ်သည်ဖြစ်၍ အတည်ဖြစ်ခဲ့သည်။ ဆွေးနွေးသူ ၁၉ ဦးရှိခဲ့သည့် လူဦးရေနှင့် သန်းခေါင်စာရင်း အချက်အလက်များအား နိုင်ငံဖွံ့ဖြိုးရေးအတွက် အသုံးချနိုင်မည့် နိုင်ငံတော် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒအဆိုနှင့် ဆွေးနွေးသူ ၉ ဦးရှိခဲ့သည့် ခေတ်မီ ဒီဂျစ်တယ်စနစ်ဖြင့် အခွန်ကောက်ခံရေး အဆိုနှစ်ရပ်ကိုမူ မှတ်တမ်းတင်နိုင်ခဲ့သည်ကို တွေ့ရသည်။**

**စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် လွှတ်တော်ခေတ်မီရေး E-parliament ဖော်ဆောင်မှု**

လွှတ်တော်တာဝန်များကို ထိထိရောက်ရောက် ထမ်းဆောင်နိုင်ရေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းရည်မြင့်မားရေးသည် တိုက်ရိုက်ဆက်စပ်မှုရှိသည်မှာ အထူးအငြင်းပွားစရာမရှိပါ။ ထို့ကြောင့် လွှတ်တော်အစည်းအဝေးများစသည်နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ အသိပညာပေး အချက်အလက်မျှဝေခြင်း ဟောပြောပွဲများ၊ သင်တန်းများ၊ ဆွေးနွေးပွဲများကို တက်ရောက်ကြရသည်။ ထိုအစီအစဉ်များကြောင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဥပဒေပြုရေးစွမ်းရည်၊ ဘတ်ဂျက်စိစစ်နိုင်စွမ်း၊ ပထဝီနိုင်ငံရေးနှင့် ပထဝီ စီးပွားရေး၊ ပညာရေး၊ စက်မှုနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ၊ AI ဒီဂျစ်တယ်အသိအမြင်များ တိုးပွားလာမည်ဟု ယူဆပါသည်။

လွှတ်တော်လုပ်ငန်းစဉ်များ ပိုမိုလွယ်ကူစေရန်နှင့် သတင်းအချက်အလက်များ လျင်မြန်စွာ ဖြန့်ဝေနိုင်ရန် ဒီဂျစ်တယ်နည်းပညာအခြေပြုစနစ်များကိုလည်း ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ E Registration နှင့် E Voting၊ လွှတ်တော်အစည်းအဝေး Livestream လွှင့်ထုတ်မှု၊ Website၊ Video Conferencing၊ Email system အသုံးပြုမှုများမှာ လက်ရှိဆောင်ရွက်နေသော E parliament ၏ အစိတ်အပိုင်းများအဖြစ် မြင်တွေ့နိုင်ပါသည်။

**နိုင်ငံတကာဆက်ဆံရေး**

လွှတ်တော်ကဏ္ဍ မြင့်မားတိုးတက်ရေးတွင် **နိုင်ငံတကာဆက်ဆံရေးသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ လက်ရှိမြန်မာနှင့် ကမ္ဘာ့အခင်းအကျင်းများအရ Parliamentary Diplomacy သည် အရေးပါနေသည့်အတွက် နိုင်ငံတကာ လွှတ်တော်များနှင့် ဆက်ဆံရေးများ တိုးမြှင့်နိုင်ရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံ ဘရက်စ်မြို့ "Great Heritage–Common Forum" သို့ တက်ရောက်ခဲ့ပြီး ခရီးစဉ်အတွင်း ရုရှားနိုင်ငံ State Duma အောက်လွှတ်တော်ဥက္ကဋ္ဌ၊ ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကာ လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအားကောင်းစေခဲ့သည်။**

ထို့အပြင် UN ဌာနေညှိနှိုင်းရေးမှူးအပါအဝင် နိုင်ငံ ၇ နိုင်ငံမှ လွှတ်တော်နှင့် သံတမန်ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသော နိုင်ငံ ၃ နိုင်ငံနှင့် AIPA အဖွဲ့ထံ သဝဏ်လွှာများပေးပို့ခြင်းဖြင့် မြန်မာနိုင်ငံနှင့် နိုင်ငံတကာဆက်ဆံရေး လမ်းကြောင်းများကို တိုးချဲ့တည်ဆောက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

**ပြည်သူနှင့် အနီးစပ်ဆုံးဖြစ်စေရန်**

လွှတ်တော်သည် နိုင်ငံတော်အစိုးရနှင့် ပြည်သူအကြား ပေါင်းကူးတံတားမည်ပါ၏။ ပြည်သူကို ကိုယ်စားပြုမည်ဟု ခံယူလိုက်သည်နှင့် ပြည်သူနှင့် အနီးဆုံးတွင် ရှိရတော့မည်ဖြစ်သည်။ ထို့အတွက် လွှတ်တော်၏ လုပ်ငန်းဆောင်ရွက်ချက်များကို

*စာမျက်နှာ ၉ သို့*

# တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ အစည်းအဝေးကျင်းပ

**ဟားခါး ဩဂုတ် ၁၇**

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်း၊ ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းက တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၁၅ ဦး ရှိသည့်အနက် ၁၂ ဦး တက်ရောက်သဖြင့် ရာခိုင်နှုန်းအားဖြင့် ၈၀ ရာခိုင်နှုန်း တက်ရောက်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် ချင်းပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ချင်းပြည်နယ်စာရင်းစစ်ချုပ် ဦးမောင်မောင်ခင်က တင်သွင်းသည်။

ထို့နောက် တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**





# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပ

**မန္တလေး ဩဂုတ် ၁၇**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီက တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း ၇၂ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးတို့က မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၉ ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က "မန္တလေးတိုင်းဒေသကြီး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး လျာထားချက်"နှင့်စပ်လျဉ်း၍ လွှတ်တော်မှ အတည်ပြုပေးပါရန် တင်သွင်းပြီး လွှတ်တော်ဥက္ကဋ္ဌက ၎င်းလျာထားချက်နှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသည့်အတွက် လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး ၁၁ ရက် မြောက်နေ့ကို ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပ

**တောင်ကြီး ဩဂုတ် ၁၇**

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီက တောင်ကြီးမြို့ ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်က ပြည်နယ်လွှတ်တော်သို့ တက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၁၃၂ ဦး ရှိသည့်အနက် ၁၂၆ ဦး တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းရာ သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများက ပြန်လည်ဖြေကြားပြီး ရှမ်းပြည်နယ် ကုန်တင်ကုန်ချ လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ အစီရင်ခံစာကို ဥပဒေပြုရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူးက ဖတ်ကြားရှင်းလင်းကာ ပြည်နယ် စည်ပင်သာယာရေး ဝန်ကြီးက ၎င်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

ထို့ပြင် ရပ်စောက်မြို့နယ် အပါအဝင် ရှမ်းပြည်နယ်အတွင်း လယ်ယာမြေမဟုတ်သော အခြားလယ်ယာမြေများ (ယာမြေ၊ ကိုင်းမြေ၊ ဥယျာဉ်မြေ)ကို အခြားနည်းသုံးစွဲခွင့် လျှောက်ထားရာတွင် ပြည်သူများ ကြန့်ကြာမှုမရှိဘဲ လွယ်ကူ၊ လျင်မြန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေးအတွက် မလိုအပ်သော ဌာနဆိုင်ရာ ထောက်ခံချက်များကို ဖြေလျှော့ပေးရန်နှင့် လုပ်ငန်းစဉ်များ ပြန်လည်စိစစ်ပြင်ဆင်ပေးပါရန် ပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အဆိုကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ရှင်းလင်းဆွေးနွေး၍ မဲခွဲဆုံးဖြတ် အတည်ပြုချက် ရယူခဲ့သည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး (တတိယနေ့) ရပ်နားကြောင်း ကြေညာခဲ့သည်။

**စိုင်းအယ်ဘဲ**



# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၁၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ရေဘေးသင့်ချင်းတူပေမယ့် အကြမ်းဖက်သမားများကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် အလှမ်းဝေးနေရသော ပြည်သူများ"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဩဂုတ် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"အစိုးရသစ်၏ ပိုမိုခိုင်မာလာသော နိုင်ငံတကာမိတ်ဖက်ဆက်ဆံရေး"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည် ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီ မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

သိရှိနိုင်ရန် လွှတ်တော် Website အပြင် YouTube၊ Tiktok "Civic Echo" တစ်ခုကို ဖွင့်နိုင်ခဲ့ပြီး ပြည်တွင်းပြည်ပသတင်းမီဒီယာ ၄၈ ခုကလည်း အစည်းအဝေးကျင်းပစဉ်ကာလအတွင်း နေ့စဉ် လွှတ်တော်သတင်းများကို ရယူခဲ့ပါသည်။

နေ့စဉ်လွှတ်တော် ဆောင်ရွက်ချက်များကို မီဒီယာများနှင့် ထိတွေ့ရှင်းလင်းချပြနိုင်ရန် လွှတ်တော်ကိုယ်စားလှယ် ၆ ဦးပါ သတင်းမီဒီယာအဖွဲ့ကိုလည်း ဖွဲ့စည်းထားရှိပါသည်။ ထို့အပြင် ဒုတိယပုံမှန်အစည်းအဝေးအပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ သတင်းစာရှင်းလင်းပွဲကို ဆောင်ရွက်နိုင်ခဲ့ပြီး နောက်ပိုင်း ပုံမှန်အစည်းအဝေးတစ်ခုပြီးတိုင်း ဆက်လက်ဆောင်ရွက်သွားမည်လည်း ဖြစ်ပါသည်။

လွှတ်တော်နှင့် ပြည်သူ နီးစပ်စေရေး အစီအစဉ်တွင် ပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ကျောင်းသားလူငယ်များ၏ လွှတ်တော်လေ့လာရေး အစီအစဉ်များလည်း ပါဝင်သည်။ လွှတ်တော်လေ့လာရေးအစီအစဉ်တွင် လေ့လာရေးအဖွဲ့ ၃၁ ဖွဲ့နှင့် လေ့လာသူဦးရေ ၁၇၅၂ ဦး ရှိခဲ့ခြင်းသည် လွှတ်တော်နှင့် ဒီမိုကရေစီပြယုဂ် တစ်ခုကို ပီပြင်စွာ ဖော်ဆောင်နိုင်ခြင်းကို ပြသနေပါသည်။

**အချုပ်အားဖြင့် တတိယအကြိမ် လွှတ်တော် ပုံမှန်အစည်းအဝေး နှစ်ခုအနေဖြင့် ပြည်သူကိုယ်စားပြု လွှတ်တော်တာဝန်များကို အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါပြီ။ အခြေခံကောင်းများစွာကို တည်ဆောက်နိုင်ခဲ့ပြီး လွှတ်တော်လုပ်ငန်းစဉ်များလည်း စတင်ထင်ရှားလာခဲ့ပါပြီ။ နိုင်ငံတကာဆက်ဆံရေး၊ စွမ်းရည်မြှင့်တင်ရေး၊ ပြည်သူကိုယ်စားပြုမှု၊ အများပြည်သူပါဝင်မှုနှင့် သတင်းအချက်အလက် ဖြန့်ဝေမှုများတွင် တိုးတက်မှုများ ရှိလာပြီး လွှတ်တော်ကဏ္ဍ မြင့်မားရေးကို စွမ်းရည်ရှိရှိဖြင့် တည်ဆောက်ကြရပါမည်။ အရေအတွက်ရလဒ် (Output) ထက် အသုံးချထိရောက်မှု (Outcome) များဖြစ်အောင် ဆက်လက်ကြိုးစားကြပါမည်။ သို့မှသာ နိုင်ငံနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ငြိမ်းချမ်းလုံခြုံဖွံ့ဖြိုးမှုဆီ ဦးတည်သော သက်ရောက်မှုကောင်းများ (Positive impacts) များ ရရှိလာမည်ဖြစ်ပါသည်။** ။



## ရေလဲကြီးကျေးရွာနှင့် သာရဝေါကျေးရွာများမှ အိမ်ထောင်စု ၄၂၈ စုအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်ကတ်၊ ရေသန့်ဘူးကြီးနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၇

တိုက်ကြီးမြို့နယ် အဖျောက်မြို့ အုန်းပင်ကွင်းကျေးရွာ အုပ်စု အုန်းပင်ကွင်းဆည်မြောင်း မြစ်ကမ်းပန်းတာထိပ်တွင် ရောဝတီမြစ်ရေ ဝင်ရောက်လျက်ရှိသော ရေလဲကြီးကျေးရွာနှင့် သာရဝေါ ကျေးရွာများမှ အိမ်ထောင်စု ၄၂၈ စုအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်ကတ်၊ ရေသန့်ဘူးကြီးနှင့် ဆေးဝါးများကို ယမန်နေ့ ညနေပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက လှူဒါန်းပေးအပ်ခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် တိုက်ကြီးမြို့နယ် အဖျောက်မြို့အတွင်းရှိ ရောဝတီမြစ်ရေ မြင့်တက်မှုကြောင့် ကြွေပုဂံချောင်းကျေးရွာအုပ်စုရှိ အဖျောက် ကမ်းရင်းတာ မိုင်တိုင်(၄၄/၂)မှ ပန်းတာအတွင်းသို့ ရေဝင်ရောက်နေမှုနှင့် ရေကင်းစခန်းများချထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားပြီး အခြေခံစားသောက်ကုန်နှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဘားလားကျေးရွာအုပ်စု အမှတ်(၇) လမ်းဘေးရှိ Yangon Motorsport Complex(YMC) ဖွင့်ပွဲသို့ တက်ရောက်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ YMC မှ တာဝန်ရှိသူများက Yangon Motorsport Complex(YMC) ဖွင့်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားကာ YMC Workshop နှင့် ကားမောင်းလေ့ကျင့်ရေးကွင်း၌ ထိုင်းနိုင်ငံမှ Drift ကားမောင်းချန်ပီယံက သရုပ်ပြမောင်းနှင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးသီးနှံစိုက်ကေများ ထိခိုက်မှုများအပေါ် လိုအပ်ချက်များ ပြန်လည်ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း

မုံရွာ ဩဂုတ် ၁၇

တိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ခရိုင်/မြို့နယ်များအတွင်းရှိ ကျေးရွာများ၌ စိုက်ပျိုးလျက်ရှိသည့် စပါး၊ ပဲစင်းငုံ၊ ပြောင်း၊ ဆီထွက်သီးနှံ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုးနှင့် စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ဝါစိုက်ခင်းများ ထိခိုက်ခဲ့ကြောင်း၊ ရေကြီးနစ်မြုပ်ခဲ့သည့် မိုးသီးနှံများ အချိန်မီ ပြန်လည်အစားထိုးစိုက်ပျိုးသွားရေး၊ စိုက်ပျိုးမြေများ ပြန်လည်သမန်းနိုးခြင်းများ ဆောင်ရွက်သွားရေးနှင့် ဒေသခံတောင်သူများလိုအပ်သည့် မျိုး၊ လယ်ယာသုံးစက်မောင်းဆီ၊ သွင်းအားစုဓာတ်မြေဩဇာများ စနစ်တကျ ထည့်သွင်းစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများက ပူးပေါင်းဆောင်ရွက်ကာ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားကြရန် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးက ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် မိုးသီးနှံစိုက်ကေများ ထိခိုက်မှုအပေါ် လိုအပ်ချက်များ ပြန်လည်ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုက်တွန်းပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဓာတ်မြေဩဇာများအား အသင့်စုဖွဲ့ထားရှိပြီး စက်သုံးဆီလိုအပ်ချက်အပေါ် ခွင့်ပြုပေးထားပါကြောင်း၊ မိမိတို့တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ စိုက်ပျိုးထားရှိသည့် မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေးနှင့် သီးနှံအထွက်နှုန်း လျော့နည်းမှုမရှိအောင် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများက အလေးထားကာ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း လိုအပ်ချက်များကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တိုင်းဒေသကြီး ဝန်ကြီးများက လိုအပ်ချက်များ ပြန်လည်ဖြည့်ဆည်း ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဌာနများအလိုက် စီမံဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ပညာရဲရင့် ပွဲလယ်တင့် ❖ ပညာရွှေအိုး လူမခိုး

## အဂတိလိုက်စားမှုသည် လူ့အဖွဲ့အစည်းအတွင်း ကူးစက်ပျံ့နှံ့လွယ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် အလွယ်တကူဖောက်ဖျက်ကျူးလွန်ခြင်းများကို သတိပြုရှောင်ကြဉ်ရန် လိုအပ်

နေပြည်တော် ဩဂုတ် ၁၇

အဂတိလိုက်စားမှုသည် လူ့အဖွဲ့အစည်းအတွင်း ကူးစက်ပျံ့နှံ့လွယ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် အလွယ်တကူ ဖောက်ဖျက်ကျူးလွန်ခြင်းများကို သတိပြုရှောင်ကြဉ်ရန်၊ အဂတိလိုက်စားမှုမြင့်မားပါက ဆင်းရဲနွမ်းပါးမှု ပိုမိုမြင့်မားလာမည်ဖြစ်၍ ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေများကို လေးစားလိုက်နာကြရန် ယနေ့နံနက်ပိုင်းက နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန အခွန်အယူခံခုံအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန အခွန်အယူခံခုံအဖွဲ့ရုံးတို့ ပူးပေါင်းကျင်းပသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစိုးသိန်းက တိုက်တွန်းပြောကြားသည်။



အလားတူ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးက အခွန်အယူခံခုံအဖွဲ့၏ ဆောင်ပုဒ်မှာ **"ယုံကြည်၊ မျှတ၊ မှန်ကန် အခွန်အယူခံ"** ဖြစ်ကြောင်း၊ အယူခံဝင်လိုသူ၊ အခွန်ထမ်း သို့မဟုတ် ပြည်သူလူထုနှင့် တွေ့ထိဆက်ဆံရသည့် အဖွဲ့လည်းဖြစ်ကြောင်း၊ ဝန်ထမ်းများသည် အသေးစားအဂတိလိုက်စားမှုပင်မရှိဘဲ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးပြည့်မီ တိုးတက် ကောင်းမွန်စေရန် အကောင်အထည်ဖော်ရမည် ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုသည် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားကို မသမာသောနည်းဖြင့် ခိုးယူနေခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ အသိပညာပေးဆွေးနွေးပွဲများမှတစ်ဆင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကိစ္စရပ်များကို အသိပညာ ဗဟုသုတများရရှိစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေနှင့်စပ်လျဉ်း၍ ဟောပြောဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်ဝင်း ခေါင်းဆောင်၍ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန အခွန်အယူခံခုံအဖွဲ့ရုံးမှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံ၊ အားသာချက်၊ အားနည်းချက်၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒဂုံမြို့နယ်၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း၌ ယနေ့နံနက် ၉ နာရီက ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအခမ်းအနားကို အခြေခံပညာဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျင်းပသည်။ **(အောက်ပုံ)**

ဦးစွာ ဒဂုံမြို့နယ်ပညာရေးမှူး ဒေါ်ခင်ငြိမ်းငြိမ်းက အမှာစကား ပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာရွှေပြည်က ရာသီအလိုက်ရောဂါများ ကြိုတင်ကာကွယ်နိုင်ရန်နှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများ ကာကွယ်ရန် အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက ကျန်းမာရေးဆိုင်ရာ အသိပညာပေး သီချင်းများဖြင့် ဖျော်ဖြေကြပြီး ကျောင်းကျန်းမာရေး သီတင်းပတ်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးသည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများက ကျောင်းကျန်းမာရေးပြခန်းများနှင့် ကျောင်းကျန်းမာရေး နံရံကပ်ပိုစတာများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ဥဒဏ်မင်းပြည့်(ပြန်/ဆက်)**



# တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့တွင် ကြယ်ပွင့်ပြမေးခွန်း ရှစ်ခုအား မေးမြန်းဖြေကြားကြပြီး ကရင်ပြည်နယ်စာကြည့်တိုက်ဥပဒေကြမ်းကို အတည်ပြု

**ဘားအံ ဩဂုတ် ၁၇**

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီက ဘားအံမြို့ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ ကြယ်ပွင့်ပြမေးခွန်းရှစ်ခုကို မေးမြန်းဖြေကြားကြပြီး ကရင်ပြည်နယ်စာကြည့်တိုက်ဥပဒေကြမ်းကို ပြည်နယ်လွှတ်တော်က အတည်ပြုခဲ့ကြသည်။



### ပြန်လည်ရှင်းလင်းဖြေကြား

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ပြည်နယ်အတွင်း ယာယီနေရပ်စွန့်ခွာသူများ၏အရေး၊ စက်သုံးဆီလုံလောက်စွာရရှိရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ဘားအံမြို့ ရေကြီးရေလျှံမှုကာကွယ်နိုင်ရန် တာတမံတည်ဆောက်ပေးနိုင်ရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကြယ်ပွင့်ပြမေးခွန်းရှစ်ခုကို မေးမြန်းကြရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးက တင်သွင်းသည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းဆိုင်ရာလျာထားချက် စာရင်းများနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတို့က ဆွေးနွေးကြသည်။

### ပြည်နယ်လွှတ်တော်က အတည်ပြု

ယင်းနောက် တတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက တင်သွင်းသည့် ကရင်ပြည်နယ်စာကြည့်တိုက် ဥပဒေကြမ်းကို အတည်ပြုပေးနိုင်ပါရန် ပြည်နယ်လူမှုရေးရာဝန်ကြီးက ပြည်နယ်လွှတ်တော်သို့ အဆိုတင်သွင်းရာ ကန့်ကွက်သူမရှိ သဘောတူညီကြသည့်အတွက် ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

### ဆက်လက်ကျင်းပမည်

ဆက်လက်၍ တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့တွင် ပြည်နယ်စာရင်းစစ်ချုပ်က တင်သွင်းသည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ဆွေးနွေးခဲ့ကြပြီး ယင်းအစီရင်ခံစာအား ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာ၍အစည်းအဝေး ပဥ္စမနေ့ ရုပ်နားကြောင်းနှင့် ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် အစည်းအဝေး ဆဋ္ဌမနေ့ကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

---

❍ *ကျော့ဖုံးမှ*

လက်ဝှေ့ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူရိုးရာ လက်ဝှေ့အားကစားရုံ၌ ကျင်းပလျက်ရှိရာ ယနေ့တွင် အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ၆၃ ဒသမ ၅ကီလိုလူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၆၇ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၁ ကီလို (ဂ အဆင့်) ပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလို(ဂ အဆင့်) ပြိုင်ပွဲ၊ အမျိုးသား ၆၇ ကီလို (ဂအဆင့်)ပြိုင်ပွဲ၊ အမျိုးသမီး ၅၁ ကီလို ပြိုင်ပွဲ၊ အမျိုးသမီး ၅၇ ကီလိုပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။

အမျိုးသား ၆၃ ဒသမ ၅ ကီလို လူသစ်တန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ကောင်းခန့်ဇော်(အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ မင်းခန့်ဇော်(အပြာ)တို့ ယှဉ်ပြိုင်ရာ ကောင်းခန့်ဇော်(အနီ)က လည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ စရဲမြင့်အေး(အနီ)နှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှ လွင်ကိုကိုထက်(အပြာ)တို့ ယှဉ်ပြိုင်ရာ လွင်ကိုကိုထက်(အပြာ)ကလည်းကောင်း၊ အမျိုးသား ၆၇ ကီလို လူသစ်တန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ အောင်ကောင်းမြတ်(အနီ)နှင့် မွန်ပြည်နယ်အသင်းမှ စောသိန်းဇော်မြင့်(အပြာ)တို့ ယှဉ်ပြိုင်ရာ အောင်ကောင်းမြတ်(အနီ)ကလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ထက်ပိုင်စိုး(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ စောအောင်ချစ်ကြည် (အပြာ)တို့ ယှဉ်ပြိုင်ရာ စောအောင်ချစ်ကြည် (အပြာ)ကလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသား ၅၁ ကီလို(ဂအဆင့်) ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဟန်ထူးဇော်(အနီ)နှင့် ရောဝတီတိုင်းဒေသကြီးအသင်းမှ စိုးမိုးလွင်(အပြာ)တို့ ယှဉ်ပြိုင်ရာ ဟန်ထူးဇော် (အနီ)က လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ကောင်းခန့်ကျော်(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ မင်းသစ္စာ(အပြာ)တို့ ယှဉ်ပြိုင်ရာ မင်းသစ္စာ(အပြာ)က လည်းကောင်း၊ အမျိုးသား ၅၄ ကီလို (ဂအဆင့်) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ကျော်ကျော် (အနီ)နှင့် မွန်ပြည်နယ်အသင်းမှ ပြည့်စုံဖြိုး(အပြာ)တို့ ယှဉ်ပြိုင်ရာ အောင်ကျော်ကျော်(အနီ)က လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ အံ့ထူးခန့်(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ စောပစော်ဖော(အပြာ)တို့ ယှဉ်ပြိုင်ရာ စောပစော်ဖော(အပြာ)က လည်းကောင်း၊ အမျိုးသား ၆၇ ကီလို (ဂအဆင့်)ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ညီနိုင်ဝင်း(အနီ)နှင့် မန္တလေးတိုင်းဒေသကြီးအသင်းမှ နန္ဒ(အပြာ)တို့ ယှဉ်ပြိုင်ရာ ညီနိုင်ဝင်း(အနီ)က လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ဟိန်းထက်(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ အောင်သန်းဇော်မြင့်(အပြာ)တို့ ယှဉ်ပြိုင်ရာ အောင်သန်းဇော်မြင့်(အပြာ)ကလည်းကောင်း အနိုင်ရရှိခဲ့သည်။

ထို့ပြင် အမျိုးသမီး ၅၁ ကီလိုပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ နန်းခင်နှင်းထက်(အနီ)နှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှ ရဝေလှိုင်(အပြာ)တို့ ယှဉ်ပြိုင်ရာ ရဝေလှိုင်(အပြာ)က လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ သက်ထားဗိုလ်(အနီ)နှင့် မွန်ပြည်နယ်အသင်းမှ နော်ပွင့်ချောစု(အပြာ) တို့ ယှဉ်ပြိုင်ရာ သက်ထားဗိုလ်(အနီ)က လည်းကောင်း၊ အမျိုးသမီး ၅၇ ကီလိုပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းမှ နန်းမြင့်မြင့်အေး(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ နန်းသဉ္ဇာမိုး(အပြာ)တို့ ယှဉ်ပြိုင်ရာ နန်းသဉ္ဇာမိုး(အပြာ)က လည်းကောင်း၊ ကယားပြည်နယ်အသင်းမှ ပိုင်ပိုင်စံ(အနီ)နှင့် ရှမ်းပြည်နယ်အသင်းမှ ခင်စန္ဒာအောင်(အပြာ)တို့ ယှဉ်ပြိုင်ရာ ခင်စန္ဒာအောင်(အပြာ)က လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၁၈ ရက် ရိုးရာလက်ဝှေ့ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ၅၁ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၇ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၆၀ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၇ ကီလို (ဂအဆင့်)ပြိုင်ပွဲ၊ အမျိုးသား ၆၀ ကီလို (ဂအဆင့်)ပြိုင်ပွဲ၊ အမျိုးသမီး ၅၄ ကီလိုပြိုင်ပွဲများကို ဆက်လက် ယှဉ်ပြိုင်မည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

◆ *ကျော့ဖုံးမှ*

နန်းစနေမ (ရန်ကုန်ယူနိုက်တက်)၊ ဇွန်သဲဦး (ရှမ်းယူနိုက်တက်)၊ ခင်မျိုးသန္တာထွန်း (ရှမ်းယူနိုက်တက်)၊ နှင်းပွင့်အေး (အသင်းမဲ့)၊ ဖြူဖြူဝင်း (ရောဝတီ)၊ ဇွန်ယုယဦး (ရောဝတီ) နှင့် ခင်မိုးဝင်း (ရောဝတီ) တို့ကို ရွေးချယ်ထားသည်။

ကွင်းလယ်ကစားသမားများအဖြစ် ဝင်းဝင်း (သစ္စာအားမာန်)၊ ယွန်းဝတီ (သစ္စာအားမာန်)၊ ဇင်မာထွေး (သစ္စာအားမာန်)၊ ခင်မာလာထွန်း (ISPE)၊ လင်းမြင့်မိုရ် (ISPE)၊ ဒေစီအောင် (ရန်ကုန်ယူနိုက်တက်)၊ နန်းဖြူဖြူသွယ် (ရှမ်းယူနိုက်တက်)၊ နော်ထက်ထက်ဝေ(ရောဝတီ) နှင့် နန်းခိုင်ဇင်မြင့် (ရောဝတီ)တို့ ပါဝင်လာသည်။

ရှေ့တန်းကစားသမားများအဖြစ် မြတ်နိုးခင် (သစ္စာအားမာန်)၊ ရွှေရည်ထွန်း(ISPE)၊ စုစုကြည် (ရန်ကုန်ယူနိုက်တက်)၊ ဇင်မိုးပြည့် (ရန်ကုန်ယူနိုက်တက်)၊ ဝင်းသီဂီထွန်း(ရတနာပုံ)၊ ရူပါခိုင်(ရှမ်းယူနိုက်တက်)၊ စန်းသော်သော် (ရောဝတီ)နှင့် မေထက်လူ(ရောဝတီ)တို့ ရွေးချယ်ခြင်း ခံထားရသည်။

လတ်တလောတွင် အာရှချန်ပီယံလိဂ်ပြိုင်ပွဲဝင် ရောဝတီအသင်းမှ ကစားသမားများနှင့် အင်္ဂါးကစားသမားများသည် အစောပိုင်းလေ့ကျင့်ရေးတွင် ပါဝင်နိုင်မည်မဟုတ်ဘဲ ဩဂုတ် ၂၄ ရက်မှသာ ပူးပေါင်းပါဝင်လေ့ကျင့်နိုင်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အုပ်စု (F)၌ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်အသင်းတို့နှင့်အတူ ပါဝင်ပြီး အုပ်စုပွဲစဉ်များအားလုံးကို အိုဆာကာမြို့ရှိ Nagai Stadium ၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ၁၂ သင်းအနက် အုပ်စုအလိုက် အဆင့် (၁)၊ (၂) ရရှိသည့် ခြောက်သင်းနှင့် အကောင်းဆုံး တတိယ နှစ်သင်း (စုစုပေါင်း ရှစ်သင်း) ကွာတားဖိုင်နယ်သို့ တက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-MFF**

---

✻ *ကျော့ဖုံးမှ*

ရောဝတီအသင်းသည် ယခုပြိုင်ပွဲအတွက် ပြည်တွင်း ပြည်ပကစားသမားကောင်းများစွာဖြင့် အင်အားဖြည့်တင်းထားပြီး ယနေ့ပွဲစဉ်တွင်လည်း ခေါ်ယူထားသည့် ဂျပန်ကစားသမား ငါးဦးအား ပွဲထွက်စာရင်း၌ ထည့်သွင်းအသုံးပြုသည်။

### တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့

ပွဲစသည်နှင့် ရောဝတီအသင်းက ကွင်းလယ်နှင့် ခံစစ်ပိုင်းတွင် စနစ်တကျဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၂ မိနစ်နှင့် ၂၉ မိနစ်တို့တွင် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သည်။ ထို့နောက် ပွဲချိန် ၃၄ မိနစ်တွင် ယူအီကာဆိုင်း(ဂျပန်)က ရောဝတီအသင်းအတွက် ဦးဆောင်ဂိုး စတင်သွင်းယူပေးခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

### အပြတ်အသတ်အနိုင်ရရှိ

ဒုတိယပိုင်းအစတွင် ရောဝတီအသင်းသည် တိုက်စစ်ပိုင်းအပြောင်းအလဲအဖြစ် ဝင်းသီဂီထွန်းနှင့် လင်းမြင့်မိုရ်တို့ကို လူစားဝင်ကစားစေခဲ့ရာ တိုက်စစ်ကစားပုံ ပိုမိုထက်မြက်လာခဲ့သည်။ ပွဲချိန် ၅၅ မိနစ်တွင် ဝင်းသီဂီထွန်းက ဒုတိယဦးဆောင်ဂိုး၊ ၅၈ မိနစ်တွင် လင်းမြင့်မိုရ်က တတိယဂိုးနှင့် ၇၈ မိနစ်တွင် ဝင်းသီဂီထွန်းကပင် စတုတ္ထမြောက် အနိုင်ဂိုးကို ထပ်မံသွင်းယူခဲ့သဖြင့် ပွဲအပြီးတွင် ရောဝတီအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့သည်။

### ဆက်လက်ယှဉ်ပြိုင်ကစားရမည်

ရောဝတီအသင်းသည် ယခုခြေစစ်ပွဲအား အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပါက မြန်မာ့အမျိုးသမီးအသင်းအတွက် ကြီးမားသည့်အကျိုးသက်ရောက်မှုများ ရရှိလာမည်ဖြစ်ပြီး ဒုတိယပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၂၀ ရက်တွင် လက်ဘနွန်ကလပ် No Limits FC အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ယနေ့ပွဲစဉ်တွင် ခြေစွမ်းပြကစားခဲ့သည့် ရောဝတီအသင်းမှ တိုက်စစ်မှူး ယူအီကာဆိုင်း(ဂျပန်)က ပွဲစဉ် အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သည်။

ရောဝတီအမျိုးသမီးအသင်းသည် အုပ်စု (F) ခြေစစ်ပွဲစဉ်များကို ဩဂုတ် ၁၇ ရက်မှ ၂၃ ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက် ရှိသည်။

**နေမျိုး၊ ဓာတ်ပုံ-AFF**

---

❂ *ကျော့ဖုံးမှ*

၎င်း၏ ကစားသမားဘဝတွင် ပြည်တွင်းကလပ်များဖြစ်သည့် ရောဝတီယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်တို့၌ ပါဝင်ကစားခဲ့ဖူးပြီး မလေးရှားစူပါလိဂ်ကလပ်များဖြစ်သည့် PDRM FC နှင့် Terengganu FC တို့တွင်လည်း သွားရောက်ယှဉ်ပြိုင်ခဲ့သဖြင့် ပြည်ပအတွေ့အကြုံရှိသူလည်း ဖြစ်သည်။

ထို့ပြင် မြန်မာ့လက်ရွေးစင် U-16၊ U-19၊ U-22 အသင်းများမှတစ်ဆင့် အမျိုးသားလက်ရွေးစင်အသင်းကြီးအထိ အဆင့်ဆင့်ရွေးချယ်ခံခဲ့ရပြီး လက်ရှိအချိန်ထိ လက်ရွေးစင်အဖြစ် ကိုယ်စားပြု ကစားပေးနေသူဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသို့ ရောက်ရှိလာသည့် ကျော်မင်းဦးက ရှုံးပွဲမရှိ ချန်ပီယံအသင်းနှင့် ပူးပေါင်းခွင့်ရသည့်အတွက် ဝမ်းသာမိကြောင်း၊ အသင်း၏ ချန်ပီယံဂုဏ်ပုဒ်ကို ဆက်လက်ထိန်းသိမ်းနိုင်ရန် အစွမ်းကုန် ကြိုးစားသွားမည်ဖြစ်ကြောင်းနှင့် လာမည့်ရာသီ ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် ရလဒ်ကောင်းများရရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ-SUFC**

# အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၇) သင်တန်းဖွင့်





**နေပြည်တော် ဩဂုတ် ၁၇**

အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၇)၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးထွန်းထွန်းဝင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးထွန်းထွန်းဝင်းက အရာရှိလောင်းများသည် မိမိလက်အောက်ရှိ အမှုထမ်းများကို ဦးဆောင်ပြီး မိမိအထက်အဆင့်ကိုလည်း တာဝန်ခံမှု၊ တာဝန်ယူမှုများဖြင့် အထောက်အကူပြုနိုင်သည့် အရည်အသွေးနှင့် စွမ်းဆောင်ရည် ပြည့်ဝသူများ ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ပညာရပ်ဆိုင်ရာ ဗဟုသုတများသာမက နိုင်ငံ့ဝန်ထမ်းတိုင်း သိသင့်သိထိုက်သည့် နယ်ပယ်အသီးသီးကို နှံ့နှံ့စပ်စပ် နားလည်သိရှိပြီး အစဉ်တိုးတက်အောင် လေ့လာဆည်းပူးကြရန်မှာကြားလိုကြောင်း၊ ယခု သင်တန်းမှ ဘွဲ့လွန်ဒီပလိုမာနှင့် သင်တန်းဆင်းလက်မှတ်နှစ်ခုလုံး ပေးအပ်ချီးမြှင့်မည်ဖြစ်သည့်အတွက် သင်ကြားပို့ချမှုများကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အထူးကြိုးစားလေ့လာသင်ယူကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၆၇ ဦး၊ သင်တန်းသူ ၈၀ စုစုပေါင်း ၁၄၇ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၆ ပတ် ကြာမြင့်မည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးထွန်းထွန်းဝင်းသည် တာဝန်ရှိသူများနှင့်အတူ နဝရတ်ခန်းမ၌ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်းအမှတ်စဉ် (၁၈) ၏ သင်ခန်းစာပို့ချနေမှု၊ နီလာခန်းမ၌ အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ် (၁၅) ၏ သင်ခန်းစာပို့ချနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပခုက္ကူတက္ကသိုလ် ဥပဒေပညာဌာနမှ တိုင်းဒေသကြီးတရားလွှတ်တော်၊ ခရိုင်နှင့် မြို့နယ်တရားရုံးများသို့ လေ့လာ



**ပခုက္ကူ ဩဂုတ် ၁၇**

ဥပဒေပညာ တက်ရောက်နေသော ကျောင်းသား ကျောင်းသူများ အနေဖြင့် စာတွေ့နှင့် လက်တွေ့ ပေါင်းစပ်နိုင်စေရန်၊ တရားရုံးနှင့် တရားခွင် အတွေ့အကြုံရရှိစေရန်၊ မိမိတို့အနာဂတ်ကို လှပစွာပုံဖော်နိုင်စေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက ပခုက္ကူတက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် ပခုက္ကူတိုင်းဒေသကြီး တရားလွှတ်တော်၊ ပခုက္ကူခရိုင်တရားရုံးနှင့် ပခုက္ကူမြို့နယ်တရားရုံးများသို့ သွားရောက် လေ့လာခဲ့ကြသည်။

ဦးစွာ ပခုက္ကူတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်က ဥပဒေပညာ တက်ရောက်နေသော ကျောင်းသား ကျောင်းသူများ စာတွေ့နှင့် လက်တွေ့ပေါင်းစပ်နိုင်စေရန်၊ တရားရုံးနှင့် တရားခွင် အတွေ့အကြုံရရှိစေရန်၊ နိုင်ငံသားတိုင်း ဥပဒေပညာကို တတ်သိနားလည်ရန်နှင့် ဥပဒေပညာ သင်ယူနေသည့် ကျောင်းသား ကျောင်းသူများဖြစ်သည့်အတွက် နောင်တစ်ချိန်တွင် နိုင်ငံကို ဦးဆောင်ရမည့် ပညာရှင်များအဖြစ် ခံယူစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပခုက္ကူတိုင်းဒေသကြီး တရားလွှတ်တော်မှ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက တရားရုံး အဆင့်ဆင့်ဖွဲ့စည်းပုံ၊ ရာဇဝတ်မှုများနှင့် တရားမမှုများအား စစ်ဆေး ဆောင်ရွက်ခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဗဟုသုတအဖြာဖြာတို့အား ရှင်းလင်းပြသသည်။

ထို့နောက် ပခုက္ကူတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဦးဆောင်သော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၀ တို့ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ၃၈ ဖြာ မင်္ဂလာနှင့် ဗုဒ္ဓဝင်ဆိုင်ရာ ယဉ်ကျေးလိမ္မာ နည်းပြသင်တန်းဖွင့်

**ကျိုက်မရော ဩဂုတ် ၁၇**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA )နှင့် မြို့နယ်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ၃၈ ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်ဆိုင်ရာ ယဉ်ကျေးလိမ္မာနည်းပြသင်တန်း(၂/၂၀၂၆) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က အထက ကျိုက်မရော၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်ထွန်းက အမှာစကားပြောကြားပြီး ပြည်နယ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA) ဒုတိယဥက္ကဋ္ဌ မင်္ဂလာဓမ္မဇောတိကဓဇ ဦးမျိုးဆွေနှင့် မြို့နယ်ပညာရေးမှူး(တာဝန်ခံ)ဦးညဏ်လင်းတို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ နည်းပြသင်တန်းသို့ ကျိုက်မရောမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများမှ ဆရာ ဆရာမ စုစုပေါင်း ၁၆၀ တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေး ပူးပေါင်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်တိုင်း ဒေသကြီးအတွင်း ခရိုက်အလိုက် မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများ ကင်းစင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဗိုလ်တထောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကိုကိုနှင့် ပူးပေါင်းအဖွဲ့သည် အမှတ် ၅ ရပ်ကွက်၌ မှုခင်းအသိပညာပေးခြင်း၊ အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ကျော်ဟိန်းနှင့် တပ်ဖွဲ့ဝင်များသည် ကြို့ကုန်း(အနောက်) ရပ်ကွက်အတွင်း အိမ်တိုင်ရာရောက်(Home visit) မှုခင်း အသိပညာပေးခြင်းနှင့် ကျောက်တံတားမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည် ဆူးလေလမ်းဆုံမီးပွိုင့် လူကူးခုံးကျော်တံတား၌ ပြည်သူများ လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးစေရေး အသိပညာပေး ဆောင်ရွက်ခဲ့ကြသည်။

ယမန်နေ့ ညပိုင်းကလည်း မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူး အောင်ဆန်းလင်းနှင့်တပ်ဖွဲ့ဝင်များ၊ ဖောင်ကြီးနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်စံလှဦးနှင့် ပူးပေါင်းအဖွဲ့သည် လှည့်ကင်း ဆောင်ရွက်ခြင်းနှင့် ဧည့်စာရင်း စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တိုင်းရဲတပ်ဖွဲ့**

**ဓာတ်ပုံ-အောင်သူ**



ပခုက္ကူတိုင်းဒေသကြီး တောင်ငူမြို့နယ် မီးသတ်ဦးစီးဌာနမှ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံ မီးသတ်ပညာသင်တန်း(၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက်က အဆိုပါမြို့နယ် မီးသတ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပရာ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး အခမ်းအနားသို့ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညဏ်လင်းအောင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် သင်တန်းသားများ တက်ရောက်ကြစဉ်။ ခရိုင်(ပြန်/ဆက်)

# ကျိုက်ထိုမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး

**ကျိုက်ထို ဩဂုတ် ၁၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ကျောင်းသား ကျောင်းသူများ အသိပညာများတိုးပွားစေရန်ရည်ရွယ်၍ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးနှင့် မှုခင်းကျဆင်းရေးဟောပြောပွဲကို ဩဂုတ် ၁၇ ရက်က အထက(ဇေယျာမွန်)၌ ပြုလုပ်သည်။

ဦးစွာ ကျိုက်ထိုမြို့မရဲစခန်းမှူး ဒုရဲမှူးကျင်နိုင်က မုဒိမ်းမှုလျော့နည်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းလျော့နည်းကျဆင်းရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပြီး အမှတ်(၆၂) မူးယစ်တပ်ဖွဲ့စု(သထုံ) မှရဲအုပ်အောင်ဇော်ထိုက်က မူးယစ်ဆေးဝါးအမျိုးအစားများ၊ Happy Water မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ရရှိနိုင်သည့် ဆိုးကျိုးများကို ဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး မူးယစ်ဆေးဝါးအသိပညာပေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏။**

## အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် အရှေ့တောင်အာရှနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေး

ဘန်ကောက် ဩဂုတ် ၁၇

အရှေ့အလယ်ပိုင်းပဋိပက္ခ၏ လွှမ်းမိုးသက်ရောက်မှုကြောင့် စားသုံးမှုနှင့် ထုတ်လုပ်မှုကဏ္ဍများ ထိခိုက်ခဲ့သဖြင့် အရှေ့တောင်အာရှနိုင်ငံများတွင် ဧပြီလမှ ဇွန်လအထိ ဒုတိယသုံးလပတ်ကာလအတွင်း စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးခဲ့ကြောင်း သိရသည်။

ဒေသတွင်းရှိ အဓိကစီးပွားရေးနိုင်ငံများသည် ဩဂုတ် ၁၇ ရက်တွင် ၎င်းတို့၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) တိုးတက်မှုဆိုင်ရာ ကိန်းဂဏန်းများကို ထုတ်ပြန်ခဲ့ကြသည်။ စင်ကာပူနိုင်ငံ၏ စီးပွားရေးသည် ယမန်နှစ်အလားတူကာလထက် ၅ ဒသမ ၉ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံက ၅ ဒသမ ၂ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံက ၂ ဒသမ ၃ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံက ၁ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးတိုးတက်လာခဲ့သည်။ နိုင်ငံလေးနိုင်ငံလုံး၏ စီးပွားရေးများ ဆက်လက်တိုးတက်ခဲ့သော်လည်း ယခင်သုံးလပတ်နှင့် နှိုင်းယှဉ်ပါက တိုးတက်မှုနှုန်း နှေးကွေးခဲ့သည်။




တစ်ချိန်တည်းမှာပင် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၈ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပြီး မလေးရှားနိုင်ငံ၏ စီးပွားရေးမှာ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သဖြင့် နှစ်နိုင်ငံစလုံးတွင် ယခင်သုံးလပတ်ထက် ပိုမိုမြန်ဆန်သော စီးပွားရေးတိုးတက်မှုကို မှတ်တမ်းတင်ခဲ့သည်။ စားသုံးသူများ၏ ခိုင်မာသော ဝယ်ယူသုံးစွဲမှုသည် စီးပွားရေး တိုးချဲ့မှုကို အထောက်အကူပြုခဲ့သည်။ ထို့အပြင် AI နှင့် ဆက်စပ်သည့် ထုတ်ကုန်များနှင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများအပေါ် ဝယ်လိုအား မြင့်တက်လာခြင်းကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍမှာလည်း အားကောင်းလာခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသသည် အရှေ့တောင်အာရှအတွက် အဓိကစွမ်းအင်အရင်းအမြစ်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေသည့်အတွက် ဒေသတွင်းနိုင်ငံများကလည်း ယင်းဒေသနှင့်ပတ်သက်သည့် ဖြစ်ပေါ်တိုးတက်မှုများကို အနီးကပ်စောင့်ကြည့်လျက်ရှိကြသည်။

အင်န်အိတ်ချ်ကေ

## မွန်ဂိုလီးယားနိုင်ငံ အနိမ့်ဆုံးလုပ်ခလစာကို အမေရိကန်ဒေါ်လာ ၂၇၇ ဒေါ်လာခန့်အထိ တိုးမြှင့်သတ်မှတ်မည်

အူလန်ဘာတာ ဩဂုတ် ၁၇

မွန်ဂိုလီးယားနိုင်ငံသည် လာမည့်နှစ်မှစတင်ကာ အနိမ့်ဆုံးလုပ်ခလစာကို ၂၆ ဒသမ ၃ ရာခိုင်နှုန်း တိုးမြှင့်ပြီး မွန်ဂိုလီးယားတူဂရစ် ၁၀၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၂၇၇ ဒေါ်လာခန့်) အထိ တိုးမြှင့်သတ်မှတ်သွားမည်ဖြစ်ကြောင်း မိသားစုရေးရာအလုပ်သမားနှင့် လူမှုကာကွယ် စောင့်ရှောက်ရေးဝန်ကြီးဌာနက ဩဂုတ် ၁၇ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

အနိမ့်ဆုံးလုပ်ခလစာ တိုးမြှင့်သတ်မှတ်မည့် ဆုံးဖြတ်ချက်ကို အစိုးရ၊ အလုပ်ရှင်များနှင့် အလုပ်သမားသမဂ္ဂတို့မှ ကိုယ်စားလှယ်များ ပါဝင်သော မွန်ဂိုလီးယားသုံးပွင့်ဆိုင်ကောင်စီ အစည်းအဝေးတွင် ချမှတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကောင်စီသည် ငွေကြေးဖောင်းပွမှုနှုန်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်ဖန်တီးပေးနိုင်မှု အခြေအနေများကို ထည့်သွင်းစဉ်းစားကာ ထိုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အနိမ့်ဆုံး လုပ်ခလစာအသစ်သည် ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင် အကျိုးသက်ရောက်မည်ဖြစ်သည်။



လက်ရှိတွင် မွန်ဂိုလီးယားနိုင်ငံ၏ အနိမ့်ဆုံးလုပ်ခလစာမှာ ၇၉၂၀၀၀ တူဂရစ်ဖြစ်သည်။ အမျိုးသားစာရင်းအင်းရုံး၏ ထုတ်ပြန်ချက်အရ မွန်ဂိုလီးယားနိုင်ငံတွင် တရားဝင်စာရင်းသွင်းမှတ်ပုံတင်ထားသော ဝန်ထမ်းအရေအတွက်မှာ ၁ ဒသမ ၁ သန်းကျော်ရှိပြီး ၎င်းတို့အနက် ၁၀ ရာခိုင်နှုန်းခန့်သည် အနိမ့်ဆုံးလုပ်ခလစာကို ရရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## အင်ဒိုနီးရှား၌ အင်အားပြင်းငလျင်လှုပ်ခတ်ပြီးနောက် ငလျင်ငယ်လှုပ်ခတ်မှုပေါင်း ၁၅၇၆ ကြိမ်ထက်မနည်း ဖြစ်ပွား

ဂျကာတာ ဩဂုတ် ၁၇

အင်ဒိုနီးရှားနိုင်ငံ အရှေ့နူဆာတန်ဂါရာပြည်နယ်တွင် ဩဂုတ် ၁၅ ရက်က ပြင်းအား ၇ ဒသမ ၇ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူပေါင်း ၆၈ ဦးအထိ မြင့်တက်လာပြီး ထိခိုက်ဒဏ်ရာရရှိသူ ၂၁၄ ဦးအထိရှိလာကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီ (BNPB) က ဩဂုတ် ၁၇ ရက်တွင် ပြောကြားသည်။



အင်ဒိုနီးရှားနိုင်ငံတွင် အင်အားပြင်းငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် ငလျင်ငယ်လှုပ်ခတ်မှုပေါင်း ၁၅၇၆ ကြိမ်ထက်မနည်း ဖြစ်ပွားခဲ့ကြောင်း အဆိုပါအေဂျင်စီက ပြောကြားသည်။ ငလျင်ဒဏ်သင့်ဒေသများရှိ လမ်းများမှာ ကန့်သတ်ချက်များဖြင့် သွားလာနိုင်ကြောင်းနှင့် ငလျင်ဒဏ်သင့်ဒေသ ခုနစ်ခုတွင် ပျောက်ဆုံးသူမရှိတော့ကြောင်း သိရသည်။

ဖလောရက်စ်ကျွန်းအနောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိမှုမှာ ၉၉ ဒသမ ၅ ရာခိုင်နှုန်းအထိ ရှိလာကြောင်းနှင့် ဖလောရက်စ်ကျွန်းတစ်ဝန်း ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြန်လည်ရရှိမှုမှာ ၉၅ ဒသမ ၄ ရာခိုင်နှုန်းအထိ ရှိလာကြောင်း သိရသည်။

ဆင်ဟွာ

## ဗဟိုပါပူအာပြည်နယ် ကျောင်းသား ကျောင်းသူ ၆၄၀၀၀ ကျော်အတွက် အင်ဒိုနီးရှားအစိုးရ အခမဲ့ပညာရေး စီစဉ်ပေး

ဂျကာတာ ဩဂုတ် ၁၇

အင်ဒိုနီးရှားအစိုးရသည် ယခုနှစ်အတွင်း ဗဟိုပါပူအာပြည်နယ်ရှိ ကျောင်းသား ကျောင်းသူ ၆၄၀၀၀ ကျော်အတွက် အခမဲ့ပညာရေးအစီအစဉ် စီစဉ်ပေးခဲ့ကြောင်း ဗဟိုပါပူအာပြည်နယ် အုပ်ချုပ်ရေးမှူး မစ်ကီဖရစ်ဇ်နာဝီပါက ဩဂုတ် ၁၇ ရက်တွင် ပြောကြားသည်။

အဆိုပါအစီအစဉ်သည် တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၆၀၀၀ ဝန်းကျင်အပြင် အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ၊ အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းသားကျောင်းသူများနှင့် အထူးလိုအပ်ချက်ရှိသည့် ကျောင်းသား ကျောင်းသူ ၅၈၀၀၀ ကျော်တို့အတွက် ပညာရေးစရိတ်များကို ပံ့ပိုးပေးခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပြည်နယ်အစိုးရကလည်း နိုင်ငံရပ်ခြားတွင် ပညာသင်ကြားနေသည့် ဗဟိုပါပူအာကျောင်းသား ကျောင်းသူများအတွက် နှစ်စဉ်ဘတ်ဂျက်ရူပီး ၃၀ ဘီလီယံဝန်းကျင် (အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၈ သန်းခန့်) သုံးစွဲ၍ ထောက်ပံ့ကြေးအစီအစဉ်မှတစ်ဆင့် ငွေကြေးထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ပညာသင်ကြားခွင့် တိုးချဲ့ပေးသည့်အပြင် ပြည်နယ်အစိုးရသည် လွန်ခဲ့သည့် နှစ်နှစ်အတွင်း ဆရာ ဆရာမ ၁၈၀၀ အတွက် ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်များ ချီးမြှင့်ခဲ့ပြီး ဆရာ ဆရာမများ၏ ကောင်းကျိုးနှင့် သင်ကြားမှုအရည်အသွေးတိုးမြှင့်စေရန် ရည်ရွယ်သည့် အပိုဆောင်းခံစားခွင့်များကိုလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ ကုန်သွယ်မှုပမာဏ ၂၀ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်

ဖနောင်ပင် ဩဂုတ် ၁၇

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် ယခုနှစ် ပထမခုနစ်လအတွင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆၈ ဘီလီယံအထိရောက်ရှိလာပြီး ယမန်နှစ်အလားတူကာလထက် ၂၀ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၁၇ ရက်တွင် ထုတ်ပြန်ထားသည်။

ဇန်နဝါရီလမှ ဇူလိုင်လအထိ ကမ္ဘောဒီးယားနိုင်ငံ၏ အာဆီယံနိုင်ငံများသို့ တင်ပို့ကုန်များမှာ ယမန်နှစ်အလားတူကာလထက် ၀ ဒသမ ၁၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အာဆီယံနိုင်ငံများမှ တင်သွင်းမှုမှာ ၃၂ ဒသမ ၆ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ဒေသတွင်းကုန်သွယ်မှုမှာ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုပမာဏ စုစုပေါင်း၏ ၂၅ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။

ဗီယက်နမ်၊ စင်ကာပူ၊ ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှာ ကမ္ဘောဒီးယားနိုင်ငံ၏ ဒေသတွင်း ထိပ်တန်းကုန်သွယ်ဖက် ငါးနိုင်ငံဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## နယူးဇီလန်နိုင်ငံ၏ စက်သုံးဆီဈေးနှုန်းများ သုံးလဆက်တိုက်ကျဆင်း

ဝယ်လင်တန် ဩဂုတ် ၁၇

ပြည်တွင်းနှင့် နိုင်ငံတကာလေယာဉ်လက်မှတ်ခများ သိသိသာသာမြင့်တက်ခဲ့ချိန်တွင် နယူးဇီလန်နိုင်ငံ၏ ဓာတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းများမှာ သုံးလဆက်တိုက်ကျဆင်းခဲ့ကြောင်း တရားဝင်အချက်အလက်များက ဩဂုတ် ၁၇ ရက်တွင် ဖော်ပြထားသည်။

နယူးဇီလန်နိုင်ငံ၏ ဓာတ်ဆီဈေးနှုန်းမှာ ၅ ဒသမ ၇ ရာခိုင်နှုန်းနှင့် ဒီဇယ်ဆီဈေးနှုန်းမှာ ၁၂ ဒသမ ၁ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ပြီး ယင်းစက်သုံးဆီနှစ်မျိုးစလုံး၏ ဈေးနှုန်းများမှာ မတ်လအဆင့်အောက်သို့ လျော့နည်းသွားသော်လည်း ဖေဖော်ဝါရီလကထက် မြင့်မားနေဆဲဖြစ်ကြောင်း Stats NZ က ထုတ်ပြန်ထားသည်။

၂၀၂၆ ခုနှစ် ဇူလိုင်လအထိ တစ်နှစ်တာကာလအတွင်း ပြည်တွင်းလေယာဉ်လက်မှတ်ခမှာ ၁၄ ရာခိုင်နှုန်းနှင့် နိုင်ငံတကာလေယာဉ်လက်မှတ်ခမှာ ၃ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ အလားတူ စားသောက်ကုန်ဈေးနှုန်းများမှာလည်း ဇူလိုင်လအထိ တစ်နှစ်တာကာလအတွင်း ၁ ဒသမ ၉ ရာခိုင်နှုန်း တိုးမြင့်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## DRC ၌ အီဘိုလာရောဂါကြောင့် သေဆုံးသူ နှစ်ထောင်ကျော်လာပြီး နိုင်ငံ့သမိုင်းတွင် အများဆုံးဖြစ်လာ

ကင်ရှာဆာ ဩဂုတ် ၁၇

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (DRC) ၌ လတ်တလောဖြစ်ပွားနေသည့် အီဘိုလာရောဂါကြောင့် သေဆုံးသူ ၂၃၀၀ ကျော်ရှိလာပြီး နိုင်ငံ့သမိုင်းတစ်လျှောက် သေဆုံးမှုအများဆုံးဖြစ်လာကြောင်း တရားဝင်အချက်အလက်များက ဩဂုတ် ၁၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

လက်ရှိရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစ၍ အတည်ပြုလူနာ ၄၉၄၅ ဦးနှင့် သေဆုံးသူ ၂၃၂၅ ဦးရှိရာ သေဆုံးမှုနှုန်းမှာ ၄၇ ဒသမ ၀ ရာခိုင်နှုန်းရှိကြောင်း နိုင်ငံ၏ကျန်းမာရေးအာဏာပိုင်များက ထုတ်ပြန်ထားသည်။ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်း၌ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း အီဘိုလာရောဂါဖြစ်ပွားသူ ၃၄၈၁ ဦးနှင့် သေဆုံးသူ ၂၂၉၉ ဦးရှိခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ပြန်ထားသည်။

ဆင်ဟွာ

## ချီဘာစီရင်စု ရေလွှမ်းမိုးမှုဖြစ်ပွားပြီးနောက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်

တိုကျို ဩဂုတ် ၁၇

တိုကျိုမြို့၏ အရှေ့ဘက်တွင်ရှိသော ချီဘာစီရင်စုမှ တာဝန်ရှိသူများသည် စံချိန်တင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နောက်ထပ် လူတစ်ဦး သေဆုံးခဲ့ကြောင်း အတည်ပြုခဲ့ပြီး သေဆုံးသူစုစုပေါင်း ၁၀ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ပြောကြားသည်။

စံချိန်တင်ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက် ဒေသခံပြည်သူများသည် နေအိမ်များသန့်ရှင်းရေးလုပ်ခြင်း၊ ရေမြုပ်ယာဉ်များ ရှင်းလင်းခြင်းနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ

# အေအိုင်နှင့် ကျွန်တော် (၁၄)

**အယ်ဒီတာတစ်ဦး**

ကျွန်တော်တို့အနီးဝန်းကျင်တွင် ဉာဏ်ရည်တုနည်းပညာ(AI)က အသုံးပြုနိုင်ဖို့ အသင့်ရှိနေသည်။ အေအိုင်ကို မိန့်ခွန်းမူကြမ်း ပြုစုခိုင်းခြင်း၊ ဒီဇိုင်းရေးဆွဲခိုင်းခြင်း၊ ပန်းချီရေးဆွဲခိုင်းခြင်း၊ စာတမ်းပြုစုခိုင်းခြင်း၊ သိလိုသည်များ မေးမြန်းခြင်း စသည်ဖြင့် ကျွန်တော်ကိုယ်တိုင် နေ့စဉ်အကျွမ်းတဝင် အသုံးပြုဖြစ်လာသည်။

ယနေ့ ကျွန်တော် အေအိုင်ကို မေးမိသည့် မေးခွန်း၏ အဖြေအရ စိတ်ဓာတ်ကျနေသူများ၊ ဆင်းရဲနွမ်းပါးသူများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ရန်အချက်များကို ဤသို့ မှတ်တမ်းပြုမိလိုက်ပါသည်။

**မေးခွန်း။** စိတ်ညစ်ညူးနေသူတွေအတွက် ထွက်ပေါက်က မူးယစ်ဆေးဝါး ဖြစ်သွားသလို ဆင်းရဲနွမ်းပါးသူတွေရဲ့ ထွက်ပေါက်၊ ခဏတာ စိတ်ကူးယဉ်ခွင့်ကလည်း လောင်းကစားဖြစ်နေပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဘယ်လို ဖြေရှင်းဆောင်ရွက်လို့ရမလဲ။

**အဖြေ။** စိတ်ဓာတ်ကျဆင်းချိန်တွင် မူးယစ်ဆေးဝါးကို ထွက်ပေါက်အဖြစ် မှားယွင်းစွာ ရွေးချယ်မိခြင်းနှင့် ဆင်းရဲနွမ်းပါးချိန်တွင် လောင်းကစားကို ခဏတာစိတ်ကူးယဉ် မျှော်လင့်ချက်အဖြစ် အားကိုးမိခြင်းတို့သည် လူမှုအဖွဲ့အစည်းများစွာတွင် တွေ့ကြုံနေရသည့် နက်ရှိုင်းသော လူမှုစီးပွားနှင့် စိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာများဖြစ်ကြသည်။

ဤပြဿနာများကို ရေရှည်အတွက် ထိရောက်စွာ ဖြေရှင်းရန်မှာ တစ်ဦးတစ်ယောက်တည်း သို့မဟုတ် တစ်ခုတည်းသော နည်းလမ်းဖြင့် မလုံလောက်ဘဲ ဘက်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

၁။ **စိတ်ဓာတ်ကျဆင်းမှုနှင့် မူးယစ်ဆေးဝါးပြဿနာ ဖြေရှင်းနည်းများ**

- **စိတ်ကျန်းမာရေးဆိုင်ရာ အကူအညီများ တိုးမြှင့်ပေးခြင်း**
  - လူထုအတွင်း စိတ်ကျန်းမာရေး (Mental Health) အသိပညာပေးခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရန် လိုအပ်သည်။
  - အခမဲ့ သို့မဟုတ် သက်သာသော နှုန်းထားများဖြင့် ဆွေးနွေးတိုင်ပင်နိုင်သည့် Counseling Service များ၊ Hotline ဖုန်းလိုင်းများနှင့် စိတ်ကျန်းမာရေးဆိုင်ရာ အကူအညီများကို ပြည်သူများ လွယ်လွယ်ကူကူ ရယူနိုင်အောင် ဖန်တီးပေးရမည်။
- **စွဲလမ်းနေသူများအတွက် ဆေးကုသရေးနှင့် ပြန်လည်ထူထောင်ရေး**
  - မူးယစ်ဆေးဝါးသုံးစွဲသူများကို ပြစ်ဒဏ်ပေးရမည့် ရာဇဝတ်သားများအဖြစ်ထက် ကုသပေးရမည့် လူနာများအဖြစ် ရှုမြင်ပြီး ပြန်လည်ထူထောင်ရေးစခန်းများ (Rehabilitation Centers) တိုးချဲ့ဖွင့်လှစ်ပေးရမည်။
- **လူမှုအသိုင်းအဝိုင်း၏ ဖေးမကူညီမှုနှင့် ပတ်ဝန်းကျင်ကောင်း ဖန်တီးခြင်း**
  - မိသားစု၊ မိတ်ဆွေများနှင့် လူမှုအဖွဲ့အစည်းများက စိတ်ညစ်ညူးနေသူများကို ဝေဖန်ပြစ်တင်ခြင်းမပြုဘဲ နားထောင်ပေးခြင်း၊ ဖေးမကူညီပေးခြင်းများ လုပ်ဆောင်ရမည်။
  - အားကစား၊ အနုပညာ၊ ဘာသာရေးနှင့် လူမှုရေး လုပ်အားပေးလုပ်ငန်းများကဲ့သို့ စိတ်ဖိစီးမှုလျှော့ချနိုင်မည့် အပြုသဘောဆောင်သော လှုပ်ရှားမှုများကို တိုးမြှင့်ပေးရမည်။

၂။ **ဆင်းရဲနွမ်းပါးမှုနှင့် လောင်းကစားပြဿနာ ဖြေရှင်းနည်းများ**

- **စီးပွားရေး အခွင့်အလမ်းနှင့် အလုပ်အကိုင် ဖန်တီးပေးခြင်း**
  - လောင်းကစားကို စိတ်ကူးယဉ်ထွက်ပေါက်အဖြစ် မယူမိစေရန် ပုံမှန်ဝင်ငွေရရှိနိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်သည်။
  - သက်မွေးဝမ်းကျောင်း သင်တန်းများ (Vocational Training) စနစ်တကျ သင်ကြားပေးပြီး ကိုယ်ပိုင်စီးပွားရေး သို့မဟုတ် လုပ်ငန်းခွင် ဝင်ရောက်နိုင်ရေး ကူညီပေးရမည်။
- **ဘဏ္ဍာရေးဆိုင်ရာ အသိပညာပေးခြင်း (Financial Literacy)**
  - ငွေကြေးစီမံခန့်ခွဲမှု၊ စုဆောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံအသိပညာများကို လူထုထံ မျှဝေပေးရမည်။
  - လောင်းကစားသည် ရေရှည်တွင် ဆင်းရဲဒုက္ခကို ပိုမိုကြီးထွားစေကြောင်း သာဓကများ၊ အသိပညာပေးပွဲများဖြင့် ပညာပေးရမည်။
- **တရားမဝင် လောင်းကစားများကို ထိရောက်စွာ တားဆီးနှိမ်နင်းခြင်း**
  - ဒေသတွင်း မသမာသော လောင်းကစားဒိုင်များ၊ အွန်လိုင်းလောင်းကစား (Online Gambling) များကို စနစ်တကျ ထိန်းချုပ်တားဆီးရန် လိုအပ်သည်။

၃။ **မူဝါဒနှင့် လူမှုအသိုက်အဝန်းအလိုက် ပူးပေါင်းဆောင်ရွက်မှု**

- **ပညာရေးစနစ်တွင် ထည့်သွင်းသင်ကြားခြင်း**
  - ကျောင်းများ၊ တက္ကသိုလ်များမှစ၍ စိတ်ဖိစီးမှု ရင်ဆိုင်ဖြေရှင်းနည်း (Coping Skills)၊ မူးယစ်ဆေး၏ ဆိုးကျိုးနှင့် လောင်းကစား၏ နောက်ဆက်တွဲအန္တရာယ်များကို လူငယ်များကို စနစ်တကျသင်ကြားပေးရမည်။
- **လူမှုဖူလုံရေးစနစ် ထူထောင်ခြင်း**
  - အမှန်တကယ် လိုအပ်နေသော ဆင်းရဲနွမ်းပါးသူများ၊ အလုပ်လက်မဲ့များအတွက် အခြေခံလူမှုဖူလုံရေး ထောက်ပံ့မှုများ (Social Safety Nets) ပံ့ပိုးပေးခြင်းဖြင့် ရောဂါ သို့မဟုတ် ကျရှုံးမှုများတွင် လောင်းကစား/မူးယစ်ဆေးဝါးသို့ ဦးမလှည့်စေရန် ကာကွယ်ပေးနိုင်သည်။

**အနှစ်ချုပ်အားဖြင့်** ဤပြဿနာများကို ဖြေရှင်းရာတွင် စိတ်ဓာတ်ကျဆင်းမှုနှင့် ဆင်းရဲနွမ်းပါးမှုကို သီးသန့်ပြဿနာအဖြစ် မရှုမြင်ဘဲ၊ စိတ်ကျန်းမာရေးစောင့်ရှောက်မှု၊ စီးပွားရေးအခွင့်အလမ်း ပံ့ပိုးမှုနှင့် စနစ်တကျအသိပညာပေးမှုများ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့်သာ လျှော့ချပြောင်းလဲနိုင်မည်ဖြစ်သည်။

## ပခုက္ကူမြို့နယ်၌ ဧရာဝတီမြစ်ရေ ကျဆင်း၍ ရေဘေးရှောင်ပြည်သူများ မိမိနေအိမ်ထံ ပြန်လည်ပြောင်းရွှေ့



**ပခုက္ကူ ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အောက် ကျဆင်းသောကြောင့် ရေဘေးရှောင်ပြည်သူများအနေဖြင့် မိမိနေအိမ်များထံ ပြန်လည်ပြောင်းရွှေ့ နေထိုင်နေကြပြီဖြစ်သည်။

ပခုက္ကူမြို့နယ်၌ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက် ကျော်လွန် မြင့်တက်မှုကြောင့် မြစ်ကမ်းနံဘေးနှင့် မြေနိမ့်ပိုင်းရပ်ကွက်များ၊ ကျေးရွာများရှိအချို့ လူနေအိမ်များအတွင်း ရေဝင်ရောက်ခဲ့ပြီး ခရိုင်၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်ထားသော ရေဘေးရှောင် ကယ်ဆယ်ရေး စခန်းများ၌ ယာယီပြောင်းရွှေ့ နေထိုင်ခဲ့ကြကြောင်း၊ ပခုက္ကူမြို့၌ ဧရာဝတီမြစ်ရေ ရေမျက်နှာပြင်ပြောင်းလဲမှုအရ ယနေ့ နေ့လယ်ပိုင်းတွင် မြစ်ရေကျဆင်းမှုကြောင့် ရေဘေးရှောင် ပြည်သူများအနေဖြင့် မိမိနေအိမ်များထံ ပြန်လည်ပြောင်းရွှေ့နေထိုင်၍ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ရောဂါဘယ ကင်းဝေးစေရေးအတွက် အိမ်တွင်းအိမ်ပြင်ရှိ ရေဆိုးရေညစ်များ ရှင်းလင်းဖယ်ရှား သန့်စင်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း သရုပ်ပြ



**မော်လမြိုင်ကျွန်း ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဩဂုတ် ၁၂ ရက်က မရဲ့အုန်းပင်စု ကျေးရွာရှိ ဦးတင်အောင်သန်း၏ လယ်မြေ၌ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးခိုင်ဟိန်းဇော်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်း၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဦးဇော်ဝင်းလှိုင်နှင့် ဒေသခံတောင်သူများ တက်ရောက် ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ရဲကိုမောင်(ပြန်/ဆက်)**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈) ရပ်ကွက် သီရိမင်္ဂလာမိုးကုတ်ရိပ်သာဓမ္မာရုံ၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၅ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများက အသိပညာပေး ဟောပြောရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျန်းမာရေး



အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ဟန်နီ (ပြန်/ဆက်)**



## မုဒုံမြို့နယ်၌ သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

**မုဒုံ ဩဂုတ် ၁၇**

မွန်ပြည်နယ် မုဒုံမြို့နယ် မြတ်ပညာငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်နှင့် အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ခြင်းကို ယမန်နေ့က အသင်းရုံး၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမင်းသောင်းဟန်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက အသင်းသားများအား ငွေစု ငွေချေးလုပ်ငန်းပိုင်းဆိုင်ရာကိစ္စများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်း၏ ၂၀၂၅-၂၀၂၆ လုပ်ငန်းဆောင်ရွက်ချက် ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေစာရင်းအစီရင်ခံစာကို တာဝန်ရှိသူက ဖတ်ကြားရှင်းလင်းပြီး သမဝါယမအသင်း ဥပဒေသစ်အရ အမှုဆောင်အသစ်ကို ပြန်လည်ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ပေါ်ရှိ စားအုန်းဆီလက်လီလက်ကားရောင်းချသည့်ဆိုင်များကို သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချစေရေး၊ ဆီစာအုပ်ဖြင့်သာ ရောင်းချစေရေးအတွက် ဩဂုတ် ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဖြိုးကိုကို၊ မြို့နယ်စားသုံးသူရေးရာဦးစီးမှူး ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများ ရှောင်တခင်ကွင်းဆင်းစစ်ဆေးစဉ်။

အောင်မြင့်မြတ်(ပြန်/ဆက်)

# တောင်သူလယ်သမားထံ နည်းပညာပြန့်ပွားရေးနှင့် အောင်မြင်ရေး သော့ချက်များ

နှင်းနှင်းလှိုင်

**စိုက်ပျိုးရေးသည် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးကဏ္ဍတစ်ခုဖြစ်ရုံသာမက ကျေးလက်နေ ပြည်သူအများစု၏ အသက်မွေးဝမ်းကျောင်းမှုလည်းဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှု၊ ဈေးကွက်အပြောင်းအလဲနှင့် အရင်းအမြစ်အကန့်အသတ်များကြားတွင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် သုတေသနနှင့် နည်းပညာပြန့်ပွားရေးက အဓိကသော့ချက် ဖြစ်ပါသည်။**

သို့သော် သုတေသနပြု ထုတ်လုပ်ထားသော နည်းပညာများက တောင်သူများထံသို့ အမှန်တကယ်ရောက်ရှိပြီး နည်းပညာလက်ခံအသုံးပြုမှု ဖြစ်ပေါ်မှသာ ယင်းတို့၏တန်ဖိုးကို အတည်ပြုနိုင်မည်ဖြစ်ပါသည်။

**❑ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေတွင် "စမ်းသပ်နိုင်မှု" နှင့် "မြင်သာမှု" ကို မြှင့်တင်ပေးနိုင်သော စိုက်ပျိုးရေးပညာပေးလုပ်ငန်းများ ဥပမာ- ကွင်းသရုပ်ပြပွဲပြုလုပ်ခြင်း၊ လယ်သမားချင်း ချိတ်ဆက်ပေးခြင်းသည် အထိရောက်ဆုံးဖြစ်သဖြင့် အောင်မြင်အောင် ပြသခြင်းဖြင့် ကျန်လယ်သမားများထံ နည်းပညာပြန့်ပွားမှုကို အရှိန်မြှင့်နိုင်မည်**

### နည်းပညာလက်ခံအသုံးပြုမှုဖြစ်စဉ်

လယ်သမားတစ်ဦးက နည်းပညာ အသစ်တစ်ခုကို တစ်ကြိမ်တည်း ချက်ချင်းလက်ခံရန် ဆုံးဖြတ်ချက်ချသည်မဟုတ်ဘဲ အဆင့်ငါးဆင့် ပါဝင်သော ဖြစ်စဉ်တစ်ခုကို ဖြတ်သန်း၍ လက်ခံပါသည်။ ဤဖြစ်စဉ်ကို ကောင်းစွာသိရှိမှသာ အဆင့်တိုင်းတွင် သင့်လျော်သော ပံ့ပိုးကူညီမှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။

ပထမအဆင့်မှာ သိရှိခြင်းဖြစ်ပါသည်။ ထိုအဆင့်တွင် လယ်သမားသည် နည်းပညာအသစ်တစ်ခု ရှိကြောင်းကိုသာ သိရှိလာခြင်းဖြစ်သည်။ သို့သော် ဤသိရှိခြင်းတွင်ပင် အဆင့် သုံးမျိုးရှိပါသည်။ ပထမမှာ နည်းပညာရှိကြောင်း အသိပေးသက်သက်၊ ဒုတိယမှာ ထိုနည်းပညာကို မည်သို့အသုံးပြုရမည်ကို သိရှိခြင်း၊ တတိယမှာ အခြေခံမူများကို နားလည်ခြင်းတို့ဖြစ်ပါသည်။ ထို့ကြောင့် အချက်အလက်ဖြန့်ဝေရာတွင် ဤသုံးမျိုးစလုံး ပါဝင်အောင် သေချာစီစဉ်ရန် လိုအပ်ပါသည်။

ဒုတိယအဆင့်မှာ စိတ်ဝင်စားဖွယ်ဖြစ်စေခြင်း၊ ဆွဲဆောင်ခြင်းဖြစ်ပါသည်။ လယ်သမားက နည်းပညာ၏ ကောင်းကျိုးကို စိတ်ပါဝင်စားလာပြီး "ဒါဟာ ငါ့အတွက် တကယ်အကျိုးရှိမလား" ဟု စတင်တွေးတောလာပါသည်။ ဤအဆင့်၏ အထူးခြားဆုံးမှာ လူမှုလွှမ်းမိုးမှုက အလွန်အားကောင်းသည်ဆိုသည့် အချက်ပင်ဖြစ်သည်။ လယ်သမားများသည် ပညာရှင်များ၊ သုတေသီများထက် အောင်မြင်သော အိမ်နီးချင်းများ၊ ရွာထဲမှ ဩဇာရှိသူများကို ပိုမို ယုံကြည်ကြသည်။ ထို့ကြောင့် အောင်မြင်သော လယ်သမားများကို သက်သေပြအဖြစ် သရုပ်ပြစိုက်ကွက်၊ စိုက်ကွင်းများ ပြုလုပ်ခြင်းက အထိရောက်ဆုံးသော နည်းလမ်းဖြစ်သည်။

တတိယအဆင့်မှာ ဆုံးဖြတ်ချက်ချခြင်း ဖြစ်ပါသည်။ လယ်သမားက နည်းပညာအသစ်ကို လက်ခံရန် (သို့) ငြင်းပယ်ရန် ဆုံးဖြတ်ချက်ချရပါသည်။ ဤအဆင့်တွင် စမ်းသပ်ကြည့်ရှုနိုင်မှုသည် အလွန်အရေးပါလှပါသည်။ လယ်သမားအနေဖြင့် မိမိ၏ လယ်ကွင်းထဲတွင် အနည်းငယ်မျှ စမ်းသပ်ကြည့်ရှုခွင့်၊ စမ်းသပ်စိုက်ပျိုးခွင့်ရရှိပါက ဆုံးဖြတ်ချက်ချရန် ပိုမိုလွယ်ကူစေပါသည်။ စွန့်စားမှုအပြည့်အဝ မယူရသေးဘဲ ကိုယ်တိုင်မြင်တွေ့ခွင့်ရခြင်းသည် လယ်သမား၏ စိတ်ခံစားမှုကို များစွာသက်သာရာရစေသည်။

စတုတ္ထအဆင့်မှာ အကောင်အထည်ဖော်ခြင်းဖြစ်ပါသည်။ နည်းပညာအသစ်ကို စတင်အသုံးပြုသည့်အဆင့်ဖြစ်သည်။ ဤနေရာတွင် အရေးကြီးသည်မှာ လယ်သမားများက မိမိတို့၏ ဒေသအခြေအနေနှင့် ကိုက်ညီအောင် နည်းပညာကို ပြန်လည်ပြုပြင် အသုံးပြုခြင်းရှိသည်ဆိုသည့် အချက်ပင်ပါသည်။ ဆိုလိုသည်မှာ သုတေသနပြုထားသည့်အတိုင်း တစ်ထပ်တည်းကျအောင် အသုံးမပြုကြဘဲ မိမိတို့လိုအပ်ချက်နှင့် အဆင်ပြေအောင် အနည်းငယ်ပြုပြင်ပြောင်းလဲ အသုံးပြုတတ်ကြပါသည်။ ဤသည်ကို မဟန့်တားဘဲ အားပေးရပါမည်။ ထို့ပြင် မသေချာမှုများ၊ ပြဿနာငယ်များ ကျန်ရှိတတ်သေးသဖြင့် စိုက်ပျိုးပညာပေး ဝန်ထမ်းများ၏ နောက်ဆက်တွဲအကူအညီက အလွန်အရေးကြီးပါသည်။

ပဉ္စမနှင့် နောက်ဆုံးအဆင့်မှာ အတည်ပြုခြင်းဖြစ်သည်။ လယ်သမားက ဆက်လက်အသုံးပြုရန် သို့မဟုတ် ရပ်တန့်ရန် နောက်ဆုံးဆုံးဖြတ်ချက်ချပါသည်။ သေးငယ်သော စိတ်ပျက်စရာ တစ်ခု၊ ဈေးကွက်ကျဆင်းခြင်း၊ အခြားတစ်ယောက်၏ အတွေ့အကြုံဆိုးတို့ကြောင့် နောက်ပြန်ဆုတ်ခြင်းများ ဖြစ်နိုင်ပါသေးသည်။ ထို့ကြောင့် နောက်ဆက်တွဲ စောင့်ကြည့်မှုနှင့် ပံ့ပိုးကူညီမှုက မရှိမဖြစ် လိုအပ်ပါသည်။ အောင်မြင်သော လယ်သမားများကို အခြားသူများအတွက် စံပြပုဂ္ဂိုလ်အဖြစ် မြှင့်တင်ပေးခြင်းသည် များစွာအထောက်အကူပြုပါသည်။

### နည်းပညာလက်ခံအသုံးပြုမှုကို အရှိန်မြှင့်ပေးသော ဂုဏ်သတ္တိ ငါးရပ်

နည်းပညာအသစ်တစ်ခု လယ်သမားများကြားတွင် လျင်မြန်စွာ ပျံ့နှံ့လက်ခံအသုံးပြုလာခြင်း သို့မဟုတ် နှေးကွေးစွာ ပျံ့နှံ့ရခြင်းသည် ထိုနည်းပညာ၏ ဂုဏ်သတ္တိများနှင့် ဆက်စပ်နေပါသည်။

ပထမအချက်မှာ သာလွန်မှုဖြစ်သည်။ နည်းပညာအသစ်က လယ်သမားများ လက်ရှိအသုံးပြုနေသော နည်းလမ်းထက် ပိုမိုကောင်းမွန်ရမည်ဖြစ်ပါသည်။ လက်တွေ့တွင် အထွက်နှုန်းတိုးတက်ခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ အလုပ်ချိန် လျော့နည်းခြင်း သို့မဟုတ် စွန့်စားမှုနည်းပါးခြင်းတို့ဖြင့် ဤသာလွန်မှုကို သက်သေပြနိုင်ရမည်ဖြစ်သည်။ အရေးကြီးသည်မှာ ဤသာလွန်မှုကို လယ်သမားကိုယ်တိုင် သိမြင်နိုင်ရမည်ဆိုသည့် အချက်ပင်ဖြစ်သည်။ ပညာရှင်များ သိရုံမျှ မလုံလောက်ပါ။

ဒုတိယအချက်မှာ လိုက်ဖက်မှုဖြစ်ပါသည်။ နည်းပညာအသစ်က လယ်သမားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ လက်ရှိအလေ့အထများနှင့် ကိုက်ညီရမည်ဖြစ်သည်။ လက်ရှိစိုက်ပျိုးမှုပုံစံနှင့် အလွန်အမင်းကွဲပြားသွားပါက လက်ခံရန် ခက်ခဲပါသည်။ ထို့ကြောင့် လက်ရှိဓလေ့ကို လေးစားခြင်း၊ သေးငယ်သော ပြောင်းလဲမှုများမှ စတင်ခြင်းဖြင့် လိုက်ဖက်မှုကို မြှင့်တင်နိုင်သည်။

တတိယအချက်မှာ ရှုပ်ထွေးမှုဖြစ်သည်။ နည်းပညာတစ်ခုက နားလည်ရလွယ်ကူပြီး အသုံးပြုရ ရိုးရှင်းလေလေ၊ လက်ခံမှု ပိုမိုမြန်ဆန်လေဖြစ်သည်။ ရှုပ်ထွေးနက်နဲသော နည်းပညာများက လက်ခံမှု နှေးကွေးတတ်ပါသည်။ ထို့ကြောင့် ရှုပ်ထွေးမှု မြင့်မားသော နည်းပညာများကို ရိုးရှင်းအောင် ဖော်ဆောင်ခြင်း၊ အဆင့်ဆင့်ခွဲ၍ သင်ကြားပေးခြင်းတို့ လိုအပ်သည်။

စတုတ္ထအချက်မှာ စမ်းသပ်နိုင်မှု ဖြစ်သည်။ လယ်သမားများအနေဖြင့် နည်းပညာအသစ်ကို အသေးစားစမ်းသပ်ကြည့်ရှုနိုင်ခွင့်ရှိပါက ဆုံးဖြတ်ချက်ချရန် ပိုမိုလွယ်ကူစေသည်။ သရုပ်ပြကွင်းများ ထားရှိခြင်း၊ လယ်သမား၏ ကိုယ်ပိုင်မြေတွင် စမ်းသပ်ကွက်များ စိုက်ပျိုးပြသခြင်းတို့သည် ဤဂုဏ်သတ္တိကို မြှင့်တင်ရာရောက်ပါသည်။

ပဉ္စမအချက်မှာ မြင်သာမှုဖြစ်ပါသည်။ နည်းပညာ၏ ရလဒ်ကောင်းများကို အခြားသော လယ်သမားများက မြင်တွေ့နိုင်ခြင်းသည် လက်ခံမှုကို အရှိန်မြှင့်ပေးသည်။ လယ်သမားများသည် မိမိမျက်စိဖြင့် မြင်တွေ့ရမှသာ အမှန်တကယ်စိတ်ဝင်စားလေ့ရှိသည်။ **"ကိုယ်တိုင်မစမ်းရ၊ မျက်စိနဲ့မမြင်ရရင် မယုံတတ်ခြင်း"** သည် မြန်မာ့ကျေးလက်ဒေသရှိ လယ်သမားများ၏ သဘာဝဖြစ်သည်။ ထို့ကြောင့် အောင်မြင်သော သရုပ်ပြကွင်းများ၊ အောင်မြင်သော လယ်သမားများ၏ စိုက်ကွင်းများကို ကွင်းဆင်းလေ့လာရေးခရီးစဉ်များ ကျင်းပပြသခြင်းဖြင့် မြင်သာမှုကို ဖန်တီးပေးရန် လိုအပ်သည်။

သုတေသနပြုချက်များကို လယ်ကွင်းသို့ တွန်းပို့ရာတွင် **"အသိပေးရုံ"** မျှဖြင့် ရပ်တန့်သွားခြင်း သို့မဟုတ် **"အကောင်အထည်ဖော်ခြင်း"** အဆင့်တွင် လယ်သမားကို ပစ်ထားခြင်းမျိုးက အဖြစ်များဆုံး ကျရှုံးရသည့် အကြောင်းရင်းများဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေတွင် **"စမ်းသပ်နိုင်မှု"** နှင့် **"မြင်သာမှု"** ကို မြှင့်တင်ပေးနိုင်သော စိုက်ပျိုးရေးပညာပေးလုပ်ငန်းများ ဥပမာ- ကွင်းသရုပ်ပြပွဲပြုလုပ်ခြင်း၊ လယ်သမားချင်း ချိတ်ဆက်ပေးခြင်းသည် အထိရောက်ဆုံးဖြစ်သဖြင့် အောင်မြင်အောင် ပြသခြင်းဖြင့် ကျန်လယ်သမားများထံ နည်းပညာပြန့်ပွားမှုကို အရှိန်မြှင့်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

## ရေဥက္ကံကျေးရွာ၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၌ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ရေဥက္ကံကျေးရွာအုပ်စုသို့ ကွင်းဆင်း ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဝင်းမြတ်သူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ ကျေးရွာအတွင်းရှိ ရပ်ကွက်နေ ပြည်သူများအား ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးနှင့်ပတ်သက်သည့် အသိပညာပေးခြင်းနှင့် ရေသန့်စင်ဆေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဟန်နီ(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ Pucci ကိတ်မုန့်စက်ရုံ၌ ဩဂုတ် ၁၇ ရက်တွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်မှ ဒုတိယရဲမှူးမြစန်းဌေးနှင့် တပ်ဖွဲ့ဝင်များက ယာဉ်မောင်း ၅၀ ကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လက်ကမ်းစာစောင် ဖြန့်ဝေစဉ်။

ဖွဲမင်းထက်(ပြန်/ဆက်)





ညောင်တုန်းမြို့နယ် အတွင်းရှိ စားအုန်းဆီ အရောင်းဆိုင်များ သတ်မှတ် ရည်ညွှန်းဈေးဖြင့် ရောင်းချစေရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က ဩဂုတ် ၁၇ ရက်တွင် ကွင်းဆင်းစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရေဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ ရပ်ကွက်နေပြည်သူများနှင့် တွေ့ဆုံဆွေးနွေး

**မြစ်ကြီးနား ဩဂုတ် ၁၇**

ရေဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းနှင့် စပ်လျဉ်း၍ ဒေသတွင်းရှိ ပြည်သူများ နည်းပညာဆိုင်ရာ သိသင့် သိထိုက်သည်များနှင့် အသိပညာ ဗဟုသုတ ပိုမိုသိရှိနားလည်စေရေး အတွက် ယနေ့မွန်းလွဲပိုင်းက တပ်ကုန်းရပ်ကွက်အတွင်းရှိ ပြည်သူများနှင့် တပ်ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှိ ခန်းမ၌ တွေ့ဆုံခဲ့ကြပြီး ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာအောင်ဝင်းက ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်သော နည်းပညာဆိုင်ရာ အချက်အလက်များ၊ ဘူမိဗေဒဆိုင်ရာ ပညာရှင် တွေ့ရှိချက်များ၊ လျှပ်စစ်စွမ်းအင်ရရှိမှုပေါ် မူတည်၍ နိုင်ငံတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ကွာခြားပုံ၊ မြစ်ဆုံနေရာကို ရွေးချယ်ရခြင်း၏ အင်ဂျင်နီယာဆိုင်ရာ အားသာချက်များနှင့် သိလိုသည်များကို ပွင့်လင်းစွာ ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာသည့် ရပ်ကွက်နေပြည်သူများက မြစ်ဆုံစီမံကိန်းနှင့် ပတ်သက်၍ သိရှိလိုသည့် အချက်အလက်များ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ထားရှိမှု အစီအမံများ၊ ရေဝတီမြစ်တစ်လျှောက် နေထိုင်သူများအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စီမံကိန်းတည်ဆောက်စဉ် ကာလအတွင်း မည်သို့ ကြီးကြပ်ဆောင်ရွက်သွားမည်/ မည်သူက ကြပ်မတ်ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်းနှင့် ဒေသခံများ၏ ခံစားခွင့်၊ အကျိုးအမြတ်၊ စိုးရိမ်ပူပန်မှုများအပေါ် ပွင့်ပွင့်လင်းလင်း မေးမြန်းခဲ့ကြရာ ပြည်နယ်ဝန်ကြီးများနှင့် ကချင်ပြည်နယ် ဒေသခံကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် ရှင်းနီး ပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အလားတူ နံနက် ၉ နာရီခွဲကလည်း ကချင်ပြည်နယ်ဒေသခံကော်မတီအဖွဲ့ဝင်များ ဦးဆောင်သည့်အဖွဲ့က မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက် နောင်ခမ်းရှမ်းရွာ ဓမ္မာရုံ၌ ရေဝတီ မြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်းနှင့်စပ်လျဉ်း၍ ရပ်ကွက်နေပြည်သူများနှင့် ရှင်းနီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောက်ဆည်ခရိုင်တရားရုံးနှင့်မြို့နယ်တရားရုံး အဆောက်အအုံပန္နက်တင်အခမ်းအနား ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးအဆောက်အအုံသစ် ပန္နက်တင်အခမ်းအနားကို ဩဂုတ် ၁၂ ရက်က အဆိုပါရုံးဝင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်လှမြင့်နှင့် တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်တင်သန်း၊ ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်နှင့် တာဝန်ရှိသူတို့က သတ်မှတ်နေရာများ၌ ပန္နက်တင်ခြင်းများ ပြုလုပ်ပေးသည်။



ထို့နောက် ကျောက်ဆည်ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံး အဆောက်အအုံသစ်အား တာဝန်ယူဆောက်လုပ်မည့် ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာက အဆောက်အအုံသစ် ဆောက်လုပ်မည့် ဒီဇိုင်းပုံစံများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက အဆောက်အအုံသစ် ဆောက်လုပ်ရာ၌ သတ်မှတ်စံချိန်စံညွှန်းများနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## MPT က ရေဝတီတိုင်းဒေသကြီးမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ရန်ကုန် ဩဂုတ် ၁၇**

MPT က ရေဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ရှိ ရေတံခွန်ဘုန်းတော်ကြီးကျောင်း ရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများနှင့် လေးမျက်နှာမြို့နယ် ပြန်လည်ထူထောင်ရေး အဖွဲ့တို့အတွက် ထောက်ပံ့ပစ္စည်းများကို ယမန်နေ့က သွားရောက်ပေးအပ်ခဲ့ကြောင်း ရန်ကုန်မြို့ MPT ရုံးချုပ်မှ သိရသည်။

ထိုသို့ သွားရောက်ပေးအပ်ရာတွင် ရေဘေးသင့် အိမ်ထောင်စုပေါင်း ၃၀၀ ကျော်အတွက် အခြေခံစားသောက်ကုန်၊ အဝတ်အထည်၊ ဆေးဝါးနှင့် အခြားလိုအပ်သည့် အသုံးအဆောင် ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည့်အပြင် ဒေသတွင်း ဆက်သွယ်ရေးလိုအပ်ချက်ကို ပံ့ပိုးမှုအဖြစ် B2B ဂြိုဟ်တု အင်တာနက်စက် (B2B Satellite Terminals) နှစ်ခုနှင့် ရွှေ့ပြောင်း သယ်ဆောင်နိုင်သော မိုဘိုင်းအခြေစိုက်စခန်း (Cell on Wheels-COW) တစ်ခုကို တပ်ဆင်ပေးခဲ့ပြီး အင်တာနက်ဒေတာ၊ ဖုန်းခေါ်ဆိုမှုနှင့် စာတို(SMS) ပေးပို့ခြင်း ဝန်ဆောင်မှုကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။




"သဘာဝဘေး ထိခိုက်ခံစားခဲ့ရတဲ့ ရေဝတီတိုင်းဒေသကြီးက ပြည်သူတွေနဲ့ ထပ်တူ ကျွန်တော်တို့ MPT အနေနဲ့ ထိခိုက်ခံစားရပါတယ်။ ရေဘေးသင့်ပြည်သူတွေ လိုအပ်တဲ့ အထောက်အပံ့ပစ္စည်းနဲ့ ဆက်သွယ်ရေးဝန်ဆောင်မှုတွေ တစ်ဖက်တစ်လမ်းက ကူညီပေးနိုင်တဲ့အပေါ် ဝမ်းသာကြည်နူး ဖြစ်ရပါတယ်"ဟု MPT-KSGM Joint Operations ၏ လုပ်ငန်းလည်ပတ်ရေးဌာန အရာရှိချုပ် ဦးရဲမင်းဦးက ပြောကြားသည်။

MPT အနေဖြင့် ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ကိုလွင်၊ ဓာတ်ပုံ- ကိုလွင်**

## တံတားဦးမြို့၌ ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနား ကျင်းပ



**တံတားဦး ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျင်းပသည့် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အထက တံတားဦး၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများက မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား သွားနှင့် ခံတွင်းကျန်းမာရေး၊ စနစ်မှန်သွားတိုက်နည်း၊ လက်ဆေးနည်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အသိပညာပေးခြင်း၊ မူလတန်း ကျောင်းသား ကျောင်းသူများအား ကိုယ်အလေးချိန်နှင့် အရပ်တိုင်းခြင်းတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

## မြောက်ဥက္ကလာပမြို့နယ်၌ မြတ်ရောရောင်းဝယ်ရေး သမဝါယမအသင်းအမှုဆောင် ရွေးချယ်

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှ မြတ်ရောရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်နေ့ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယမန်နေ့က မြို့နယ်သမဝါယမအသင်းစုရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ချစ်ကိုကိုဦးက သမဝါယမအသင်းဥပဒေအရ အမှုဆောင်ရွေးချယ်တင်မြှောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းစာရင်းစစ် ဦးငွေစိုးက ဖတ်ကြားတင်ပြပြီး အမှုဆောင်ရွေးချယ်ရာ အသင်းသားများကို အစုပေါ် အမြတ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



## မင်းလှမြို့၌ ယာယီပြောင်းရွှေ့တိရစ္ဆာန်များအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**အထက်မင်းလှ ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ ရေဝတီမြစ်ရေမြင့်တက်မှုကြောင့် မြေနိမ့်ပိုင်းရေဝင်ရောက်သည့် ကျေးရွာများမှ ရေဘေးရှောင်စခန်းများသို့ ယာယီပြောင်းရွှေ့နေထိုင်ရသည့် အိမ်ထောင်စုများ၏ တိရစ္ဆာန်များအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာ ပွင့်မြတ်နိုးသိမ့်နှင့်အဖွဲ့က ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် လိုအပ်သောဆေးဝါးများ ထိုးနှံပေးခြင်းနှင့် Dehus (30kg) အစာအိတ်များကို ညောင်ပင်သာကျေးရွာနှင့် မလွန်ကျေးရွာရှိ ဒေသန္တရပိုင်ရှင်များထံ ယမန်နေ့က ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



■ *ကျောဖုံးမှ*

ပီအက်စ်ဂျီအသင်းသည် ဩဂုတ် ၁၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ဥရောပစူပါဖလားဗိုလ်လုပွဲတွင် အက်စ်တွန်ဗီလာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့သော်လည်း ယခုပွဲစဉ်တွင် ရှုံးပွဲ ကြုံတွေ့ခဲ့သောကြောင့် သီတင်းတစ်ပတ်အတွင်း ဖလားနှစ်လုံး ဆွတ်ခူးနိုင်မည့် အခွင့်အရေးနှင့် လွဲချော်ခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် ခြေစွမ်းအသာဖြင့် လန်းစ်အသင်းကို ပွဲချိန်အများစု ထိုးဖောက်တိုက်စစ်ဆင် ကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်း၏ ကျစ်လျစ်သည့် ခံစစ်နှင့် ဂိုးသမား ရိုဘင်ရစ်ဆာ၏ လက်စွမ်းပြကာကွယ်မှုများကြောင့် သွင်းဂိုးရရှိခြင်း မရှိခဲ့ပေ။ လန်းစ်အသင်းသည် အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ပြင်သစ်စူပါဖလား ဆွတ်ခူးနိုင်ခဲ့သည့်အပြင် နည်းပြ ဒီနိုတော့ပ်မိုလာအတွက်လည်း ပထမဆုံးအကြိမ် တရားဝင် တာဝန်ယူကိုင်တွယ်သည့် ပွဲစဉ်တွင် ဖလားဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

လန်းစ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၃၂ မိနစ်တွင် မက်သရူး ယူဒိုလ်၏ ဖန်တီးမှုမှ အသင်းခေါင်းဆောင် ဖလော်ရီယန်သိုဗင်က သွင်းယူပေးခဲ့သည်။ ပွဲချိန် ၃၉ မိနစ်တွင် လန်းစ်အသင်းကစားသမား အန်တိုနီယိုနှင့် ပွဲချိန် ၈၆ မိနစ်တွင် ပီအက်စ်ဂျီအသင်းကစားသမား မန်းဒက်စ်တို့ အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။

**အောင်ဇော်**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက်အချို့နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှု ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့ အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော် နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။



အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားနပ်ရိက္ခာစားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ဝေန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံးအင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile (သံမဏိတိုင်များ) ရိုက်သွင်းခြင်း စသည့် ဝေန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အရှိန်အဟုန်မြင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၁၇**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော် သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ရေဆင်း)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏



သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဖဲမြို့နယ်၌ ကျောင်းကောင်စီဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ဖဲ ဩဂုတ် ၁၇**



မကွေးတိုင်းဒေသကြီး ဖဲမြို့ အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကောင်စီ ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြပြီး အခြေခံပညာအလယ်တန်းဆင့် ပထမဆုရရှိသည့် ဘုရင့်နောင်ဘောလုံးအသင်းအား လည်းကောင်း၊ အခြေခံပညာအထက်တန်းဆင့် ပထမဆုရရှိသည့် အလောင်းဘုရားဘောလုံးအသင်းအားလည်းကောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်လင်း၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအေးလှိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စခန်းမှူး ဒုတိယရဲမှူး ဇော်ဝင်းနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုဖလားများကို ပေးအပ်သည်။

အဆိုပါ ကျောင်းကောင်စီဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲကို အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဖဲမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ အခြေခံပညာအလယ်တန်းဆင့်နှင့် အထက်တန်းဆင့် ဘောလုံးအသင်း ရှစ်သင်းတို့က ဩဂုတ် ၁၀ ရက်မှ ၁၅ ရက်အထိ ခြောက်ရက်ကြာ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။ **မယု(ဖဲ)**

# မိုးရာသီကျောင်းကောင်စီဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၁၇**

ကျောင်းသားလူငယ်များ ကိုယ်ကာယကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားစိတ်ဓာတ်တိုးတက်မြင့်မားစေရေးအတွက် မိုးရာသီကျောင်းကောင်စီဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပရာ မိုးရာသီကျောင်းကောင်စီဖလား ဘောလုံးပြိုင်ပွဲ တတိယဗိုလ်လုပွဲကို ကျန်စစ်သားအသင်းနှင့် အနော်ရထာအသင်းတို့က ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဗိုလ်လုပွဲကို အလောင်းဘုရားအသင်းနှင့် ဗန္ဓုလအသင်းတို့က ယှဉ်ပြိုင်ကစားခဲ့ကြကာ အလောင်းဘုရားအသင်းမှ ပထမ၊ ဗန္ဓုလအသင်းမှ ဒုတိယနှင့် ကျန်စစ်သားအသင်းမှ တတိယဆု ရရှိခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးသူမောင်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာရွှေပြည်စိုးက မှာကြားစကားပြောကြားသည်။ ဆက်လက်၍ ကျောင်းသူလေးများက Magic in the air သီချင်းဖြင့် ကပြဖျော်ဖြေပေးပြီး ဆုရရှိသည့်ပြိုင်ပွဲဝင်အားကစားသမားများအား ဆုများချီးမြှင့်ပေးခဲ့သည်။ **ဖြိုးစန္ဒာ(ဆိပ်ကမ်း)**



# မြို့နယ်ပညာရေးမှူးဖလား အသက်(၁၄)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ



**ညောင်ရွှေ ဩဂုတ် ၁၇**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ညောင်ရွှေမြို့နယ်ပညာရေးမှူးဖလား အသက်(၁၄)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းနှင့် မြို့နယ်ပညာရေးမှူး ဦးဇော်ဝင်းတို့က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်မည့် နယ်မြေ(၁)ဘောလုံးအသင်းနှင့် နယ်မြေ(၈)ဘောလုံးအသင်းတို့အား မြို့နယ်ပညာရေးမှူးက စပေးဘော ဘောလုံးကန်၍ ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။ အဆိုပါပြိုင်ပွဲသို့ ညောင်ရွှေမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့်ကိုယ်ပိုင်ကျောင်းများမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**

# ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ဖြိုချ၊ ဖျက်ဆီး၊ အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း၊ လက်နက်များ သိမ်းပိုက်ရရှိ

**နေပြည်တော် ဩဂုတ် ၁၇**

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာတစ်ဝန်းရှိလူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ပျက်စီးစေပြီး လူ့ကျင့်ဝတ်သိက္ခာများ ထိခိုက်စေ၍ အများပြည်သူအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးကိုပါ အလုံးစုံ အန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေနှိမ်နင်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများသည် ဇူလိုင် ၂၇ ရက်တွင် အဆိုပါဒေသအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံ ရှစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ကိုင်နေကြသူ အမျိုးသား ၆၅၂ ဦး၊ အမျိုးသမီး ၁၂၅ ဦး စုစုပေါင်း ၇၇၇ ဦးတို့အား လုပ်ငန်းသုံးပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ အသုံးပြုခဲ့သည့် ကွန်ပျူတာ ၈၅ လုံး၊ ဖုန်းမျိုးစုံ ၁၈၃ လုံးနှင့် StarLink တစ်လုံးတို့ကိုလည်း ပြန်လည်အသုံးမပြုနိုင်စေရန်အတွက် ဩဂုတ် ၁၂ ရက်တွင် မီးရှို့ဖျက်ဆီးပြီးဖြစ်သည်။

အဆိုပါ ဖမ်းဆီးရမိခဲ့သည့်နေရာရှိ တရားမဝင်ဆောက်လုပ်ထားသည့် အဆောက်အအုံများကို ပြန်လည်အသုံးပြုခြင်း မရှိစေရန် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ဌာနဆိုင်ရာအဖွဲ့များဖြင့် ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၂ ရက်တွင်နှစ်ထပ်တိုက်လူနေအဆောက်အအုံ နှစ်လုံး၊ ဩဂုတ် ၁၃ ရက်တွင် တစ်ထပ် လူနေအဆောက်အအုံ တစ်လုံး၊ ဩဂုတ် ၁၄ ရက်တွင် တစ်ထပ် လူနေအဆောက်အအုံ တစ်လုံး၊ ဩဂုတ် ၁၅ ရက်တွင်

ကရင်ပြည်နယ် မြဝတီမြို့နယ် မင်းလက်ပံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသည့်နေရာအား လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိမှုနေရာပြမြေပုံ။




တစ်ထပ် လူနေအဆောက်အအုံ တစ်လုံး၊ ဩဂုတ် ၁၆ ရက်တွင် တစ်ထပ် လူနေအဆောက်အအုံ တစ်လုံး၊ ယနေ့တွင် တစ်ထပ် လူနေအဆောက်အအုံတစ်လုံးနှင့် သုံးထပ် လူနေအဆောက်အအုံ တစ်လုံး စုစုပေါင်း အဆောက်အအုံ ရှစ်လုံးကို စနစ်တကျ ဖောက်ခွဲဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် တပ်မတော်စစ်ကြောင်းများအနေဖြင့် ယနေ့ မွန်းလွဲပိုင်းတွင် အထက်ပါ ဖမ်းဆီးရမိခဲ့သည့်နေရာ၏ အရှေ့တောင်ဘက် မီတာ ၄၀၀၀ ခန့်အကွာတွင် အွန်လိုင်း လိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အလျားပေ ၁၀၀ ၊ အနံပေ ၄၀ သွပ်မိုး တစ်ထပ်အဆောက်အအုံ တစ်လုံး၊ အလျား ပေ ၈၀၊ အနံပေ ၂၀၊ သွပ်မိုးတစ်ထပ်အဆောက်အအုံတစ်လုံး၊ အလျားပေ ၅၀၊ အနံပေ ၄၀ သွပ်မိုးတစ်ထပ် အဆောက်အအုံနှစ်လုံး၊ အလျားပေ ၅၀၊ အနံပေ ၂၀ သွပ်မိုးတစ်ထပ် အဆောက်အအုံတစ်လုံး၊ အလျား ပေ ၉၀၊ အနံပေ ၂၀ သွပ်မိုးတစ်ထပ် အဆောက်အအုံတစ်လုံး၊ အလျား ပေ ၃၀ အနံပေ ၂၀ Steel Stru–cture ရေတိုင်ကီအကြီး နှစ်လုံးပါ သွပ်မိုးအဆောက်အအုံ တစ်လုံးတို့အား ထပ်မံသိမ်းဆည်းရရှိခဲ့သည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား အခကြေးငွေရယူပြီး အကာအကွယ်ပေးနေသည့် အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲ ခုနစ်ကြိမ်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်းအချို့၊ လက်နက်မျိုးစုံ၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်သားအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အထူးအလေးထား၍ တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခဲ့သူများနှင့် အွန်လိုင်းလောင်းကစားသုံး တယ်လီဖုန်းများ၊ ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများအား ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေပုံ။

## တမူးမြို့၌ မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ (မိုးရာသီ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**တမူး ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ ၂၀၂၆–၂၀၂၇ ပညာသင်နှစ်မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ(မိုးရာသီ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အသက် (၁၆) နှစ်အောက် ဗိုလ်လုပွဲစဉ်အဖြစ် အထက(၂)(A)အသင်းနှင့် အထက(၂) (B)အသင်းတို့ ယှဉ်ပြိုင်ကြရာ အထက(၂)(A) အသင်းမှ သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အသက် (၁၃) နှစ်အောက် ပြိုင်ပွဲတွင် အထက(ခွဲ)အသင်းနှင့် အလက(ခွဲ)မ(၇)အသင်းတို့ ယှဉ်ပြိုင်ကြရာ အလက(ခွဲ)မ(၇)အသင်းမှ တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပထမ၊ ဒုတိယဆုရရှိကြသည့် အသင်းများအား တမူးမြို့နယ်ပညာရေးမှူး ဦးစောစီးစယ်နှင့် တာဝန်ရှိသူများက ဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဖလားဆုများကို ချီးမြှင့်ခဲ့ကြသည်။



အဆိုပါ မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ(မိုးရာသီ)ဘောလုံးပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ အသက်(၁၃)နှစ်အောက် ပြိုင်ပွဲဝင် ၁၀ သင်း၊ အသက်(၁၆)နှစ်အောက် ပြိုင်ပွဲဝင် ငါးသင်း စုစုပေါင်း ၁၅ သင်းတို့ဖြင့် ဩဂုတ် ၁၀ ရက်မှ ၁၆ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

**ရတနာ(တမူး)**

## မြန်မာအမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဩဂုတ် ၁၇**

မြန်မာအမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူ ဖမ်းမိတရားခံ ဒေါ်မြတ်ဆုမွန်(ခ)မဖြူ ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ခန့်ပိုင်(ခ)မင်းရန်နိုင် ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက်နေ အမျိုးသမီးတစ်ဦးကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ဟိုနားရပ်ကွက်နေ ဒေါ်မြတ်ဆုမွန်(ခ)မဖြူနှင့် ခန့်ပိုင်(ခ) မင်းရန်နိုင်တို့ နှစ်ဦးက TikTok အကောင့်မှ တရုတ်ဇနီးမယားလုပ်ကိုင်ရန်အတွက် မူဆယ်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးမည်၊ လမ်းခရီးစရိတ်ကုန်ကျခံပေးမည်၊ မူဆယ်မြို့သို့ရောက်ရှိက သုံးလစာချုပ်ဆိုပြီး မြန်မာငွေကျပ်သိန်း ၈၀ ရမည်၊ သုံးလပြည့်၍ဆက်နေချင်ပါကနေလို့ကြောင်း၊ မနေချင်ပါက ၎င်းတို့ကိုယ်တိုင် ပြန်လည်ခေါ်ဆောင်ပေးမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် ခေါ်ဆောင်လာကြောင်း စိစစ်သိရှိရသဖြင့် ပြည်ကြီးတံခွန်မြို့မရဲစခန်း (ပ)၇၆/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဩဂုတ် ၁၄ ရက်တွင် မဟာအောင်မြေခရိုင် တရားရုံးမှ ဖမ်းမိတရားခံ ဒေါ်မြတ်ဆုမွန်(ခ)မဖြူကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင် တရားခံ ခန့်ပိုင်(ခ)မင်းရန်နိုင် ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းလျှောက်လွှာများအား ၂၉-၆-၂၀၂၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၂၇-၈-၂၀၂၆ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၁၆-၃၀၃၃၁၊ ၀၁၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

---

### ပို့ဆောင်ရေးဝန်ကြီးဌာန
### မြန်မာ့မီးရထား
### လျှောက်လွှာခေါ်ယူခြင်း
### ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၁၇) ရက်

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ သွားလာပို့ဆောင်ရေးဌာနနှင့် စီးပွားရေးဌာနတို့တွင် လစ်လပ်လျက်ရှိသော(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)တန်းဝင် အငယ်တန်းစာရေးရာထူး (၂၀)နေရာအတွက် အောက်ဖော်ပြပါသတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) လျှောက်လွှာပိတ်သည့် (၁၈-၉-၂၀၂၆) ရက်နေ့တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက (၃၅) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
(ဃ) ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသည့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ ဖြစ်ရမည်။
(င) ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူဖြစ်ရမည်။
(စ) မြန်မာ့မီးရထားတိုင်းအသီးသီးတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများအား ပူးတွဲတင်ပြရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မိတ္တူ)
(ခ) တစ်လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ (၃) ပုံ၊ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်)
(ဂ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)၊ ဘွဲ့လက်မှတ်(မိတ္တူ) နှင့် အခြားဘာသာရပ်ဆိုင်ရာတတ်မြောက်ကြောင်းအသိအမှတ်ပြုလက်မှတ်အထောက်အထား (မိတ္တူ)များ၊
(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လျှောက်လွှာမတင်မီ ရက်သတ္တပတ်နှစ်ပတ်အတွင်း ပြစ်မှုကင်းရှင်းကြောင်း၊ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့/ရဲစခန်း ထောက်ခံချက်(မူရင်း) နှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်(မူရင်း)
(င) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ ထောက်ခံချက်(မူရင်း)

၃။ လျှောက်လွှာပုံစံအား သွားလာပို့ဆောင်ရေးဌာန(ရုံးချုပ်)တွင် ထုတ်ယူရန်နှင့် မြန်မာ့မီးရထား(ရုံးချုပ်) သွားလာပို့ဆောင်ရေးဌာန၊ နေပြည်တော်ဘူတာကြီးသို့ လိပ်မူ၍ (၁၈-၉-၂၀၂၆) ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှ မှတ်ပုံတင်၍ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် နောက်ကျပေးပို့ရောက်ရှိလာသော လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများကို လက်ခံထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ ဖြေဆိုခွင့်ကတ်ပြားထုတ်ယူခြင်းများကို (၂၁-၉-၂၀၂၆) ရက်၊ နံနက် (၉:၀၀) နာရီမှ ညနေ (၁၆:၀၀) နာရီအတွင်း မြန်မာ့မီးရထား (ရုံးချုပ်)နေပြည်တော်ဘူတာကြီးတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသား စိစစ်ရေးကတ်ပြား (မူရင်း)၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မူရင်း)၊ ဘွဲ့လက်မှတ် (မူရင်း)များနှင့်အတူ လာရောက်ထုတ်ယူရမည်။

၅။ ရေးဖြေစာမေးပွဲကို မြန်မာ့မီးရထား (ရုံးချုပ်) တည်ရှိရာ နေပြည်တော်ဘူတာကြီးတွင်(၂၂-၉-၂၀၂၆) ရက်၊ နံနက် (၁၀:၀၀) နာရီမှ(၁၂:၀၀) နာရီအထိ ရေးဖြေစာမေးပွဲ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတမေးခွန်းလွှာ)အား ဖြေဆိုခြင်း၊ ရေးဖြေအောင်မြင်သူများအား ကာယကံရှင်များထံ အသိပေးသွားမည်ဖြစ်ပြီး အောင်မြင်သူများအား(၂၉-၉-၂၀၂၆) ရက်တွင် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းများ ဆက်လက်ပြုလုပ်မည်ဖြစ်ပါသည်။

၆။ ရွေးချယ်ခံရသူများအား ဌာနကတိုက်ရိုက်ဆက်သွယ် အကြောင်းကြားသွားမည်ဖြစ်ပါကြောင်းနှင့် ဆေးစစ်ဆေးမှုပြုလုပ်ပြီး ဆေးစစ်အောင်မြင်သူများကိုသာ ခန့်ထားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက မြန်မာ့မီးရထား (ရုံးချုပ်)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၇၇၁၀၄/၇၇၀၃၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ ဗိုလ်ကြာညွန့်လမ်း၊ ခြံအမှတ် (၁၂၉)၊ မြေကွက်အမှတ် (၁၃၉)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးညွန့်လှိုင် (AC-၀၄၀၃၆၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ မြေကွက်အမှတ် (၁၃၈)နှင့်ကပ်လျက် တရားဝင်မခွဲမစိတ်ရသေးသော (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဆွေဝင်း (၁၂/ဥကမ (နိုင်) ၀၇၈၀၆၆)ထံမှ ကျွန်တော် ဦးထက်ဦးလွင် (၁၂/တမန (နိုင်) ၁၁၃၃၅၅)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်တော်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထက်ဦးလွင် (၁၂/တမန (နိုင်) ၁၁၃၃၅၅)
၀၉- ၄၂၀ ၀၂၆ ၃၇၃

---

### ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ ကြားသိစေသည့်အကြောင်းကြားစာ
### ရောဝတီတိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်- ၁၁၅

ဒေါ်သိန်းထွေး နှင့် ၁။ ဦးငွေဦး ၂။ ဦးကျော်ဇေယျ
၃။ ဒေါ်ညိုညိုလွင် (ကိုယ်တိုင်နှင့်လျှောက်ထားခံရသူ(၂)၏အခွင့်ရကိုယ်စားလှယ်)
၄။ ဒေါ်ဖြူဥ ၅။ ဒေါ်သင်းသင်းမွှေး
၆။ ဒေါ်ဇင်မေ ၇။ မျိုးသိန်းထက်
၈။ ဒေါ်ယုမိစံ ၉။ ဦးမျိုးသီဟ
၁၀။ ဦးမျိုးမင်း

**ပြင်ဆင်မှုလျှောက်ထားသူ** **ပြင်ဆင်မှုလျှောက်ထားခံရသူများ**

မြန်အောင်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၈/၂၀၂၂ ၏ ၂၀၂၅ ခုနှစ်၊ ဇွန်လ (၂၃)ရက် ရက်စွဲပါ အမိန့်နှင့်ထုံးပုံကျအပြီးသတ်အမိန့်ကို ပြင်ဆင်မှုတင်သွင်းခြင်း။

အထက်အမည်ပါအမှုမှ ပြင်ဆင်မှုလျှောက်ထားခံရသူအမှတ် (၅) ဒေါ်သင်းသင်းမွှေး ပေါင်းနားရပ်ကွက်၊ ပြည်သူ့ဆေးရုံ၊ စလင်းမြို့နယ်၊ ပြင်ဆင်မှုလျှောက်ထားခံရသူ အမှတ်(၇)မျိုးသိန်းထက်၊ ဇီဇဝါလမ်း၊ သုံးပင်ကွင်းရပ်၊ ဟင်္သာတမြို့၊ ပြင်ဆင်မှုလျှောက်ထားခံရသူအမှတ်(၁၀) ဦးမျိုးမင်း၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

ယခုအမှုတွင် မြန်အောင်ခရိုင်တရားရုံးတော်မှ ချမှတ်ပေးသည့် အမိန့်နှင့် ထုံးပုံကျအပြီးသတ် အမိန့်ကို ဒေါ်သိန်းထွေးက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ဤပြင်ဆင်မှုကို ၂၀၂၆ ခုနှစ် ၊ ဩဂုတ်လ ၃၁ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၃ ရက်)တွင် ဆိုင်ရန်ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ် ၊ ဩဂုတ်လ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နီနီမြင့်)
ဒုတိယညွှန်ကြားရေးမှူး
ရောဝတီတိုင်းဒေသကြီးတရားလွှတ်တော်

---

### ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ ကြားသိစေသည့်အကြောင်းကြားစာ
### ရောဝတီတိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်- ၁၁၈

ဒေါ်သိန်းထွေး နှင့် ၁။ ဦးငွေဦး ၂။ ဦးကျော်ဇေယျ
၃။ ဒေါ်ညိုညိုလွင် (ကိုယ်တိုင်နှင့်လျှောက်ထားခံရသူ(၂)၏အခွင့်ရကိုယ်စားလှယ်)
၄။ ဒေါ်ဖြူဥ ၅။ ဒေါ်သင်းသင်းမွှေး
၆။ ဒေါ်ဇင်မေ ၇။ မျိုးသိန်းထက်
၈။ ဒေါ်ယုမိစံ ၉။ ဦးမျိုးသီဟ
၁၀။ ဦးမျိုးမင်း

**ပြင်ဆင်မှုလျှောက်ထားသူ** **ပြင်ဆင်မှုလျှောက်ထားခံရသူများ**

မြန်အောင်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၈/၂၀၂၂ ၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက် ရက်စွဲပါ အမိန့်နှင့်ထုံးပုံကျအပြီးသတ်အမိန့်ကို ပြင်ဆင်မှုတင်သွင်းခြင်း။

အထက်အမည်ပါအမှုမှ ပြင်ဆင်မှုလျှောက်ထားခံရသူအမှတ်(၅) ဒေါ်သင်းသင်းမွှေး ပေါင်းနားရပ်ကွက် ၊ ပြည်သူ့ဆေးရုံ ၊ စလင်းမြို့နယ် ၊ ပြင်ဆင်မှုလျှောက်ထားခံရသူအမှတ်(၇) မျိုးသိန်းထက်၊ ဇီဇဝါလမ်း၊ သုံးပင်ကွင်းရပ်၊ ဟင်္သာတမြို့၊ပြင်ဆင်မှုလျှောက်ထားခံရသူအမှတ် (၁၀) ဦးမျိုးမင်း ၊ ရော(၉)လမ်း ၊ (ည) ရပ်ကွက် ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

ယခုအမှုတွင် မြန်အောင်ခရိုင်တရားရုံးတော်မှ ချမှတ်ပေးသည့် အမိန့်နှင့်ထုံးပုံကျအပြီးသတ်အမိန့်ကို ဒေါ်သိန်းထွေးက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတွင်မှတ်ပုံတင်စာရင်းတင်သွင်း၍ ဤပြင်ဆင်မှုကို ၂၀၂၆ ခုနှစ် ၊ ဩဂုတ်လ ၃၁ ရက် ( ၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၃ ရက်)တွင် ဆိုင်ရန်ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ် ၊ ဩဂုတ်လ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နီနီမြင့်)
ဒုတိယညွှန်ကြားရေးမှူး
ရောဝတီတိုင်းဒေသကြီးတရားလွှတ်တော်

---

### အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ အထက(၁) Grade-12 မှ ဦးဂင်ရှန်ဝုန်၏သမီး မကျိုန်ရှမ်းဆွန်နဲ(မ်)၏ အမည်မှန်မှာ မကျိုန်ရှမ်းဇွန်နဲ(မ်) ၅/တမန (နိုင်) ၀၇၇၈၃၄ ဖြစ်ပါကြောင်း။

**မကျိုန်ရှမ်းဇွန်နဲ(မ်)**

---

### ကန့်ကွက်နိုင်ပါကြောင်း

ဒိုက်ဦးမြို့၊ အမှတ်(၉)ရပ်ကွက်၊ ဖအောင်ဝဲလမ်းနေ ဦးကျော်မိုး(ဘ)ဦးလှမြင့်မှ ဒိုက်ဦးမြို့နယ်၊ ဖအောင်ဝဲရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၄၀၅)၊ ဖအောင်ဝဲမြောက်၊ ဦးပိုင်အမှတ်(-)၊ မြေကွက်အမှတ်(၁/၁၁၀၆)ရှိ မြေဧရိယာ(၀.၀၉)ဧကရှိ မြေကို မြေငှားဂရန်(အသစ်)လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက် အထား (မူရင်း)များဖြင့် ကန့်ကွက်လွှာထည့်သွင်းသည့်နေ့မှ (၁၅)ရက်အတွင်း နောက်ဆုံးထား၍ ဒိုက်ဦး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဦးကျော်မိုးမှ မြေငှားဂရန်(အသစ်) လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/8283 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြင့် ၉/ကပတ(နိုင်) ၀၂၃၄၃၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြင်းခြံ)**

---

### ကန့်ကွက်နိုင်ပါကြောင်း

ဒိုက်ဦးမြို့၊ ဖအောင်ဝဲရပ်ကွက်နေ ဦးစိုင်းဇေယျာလင်း(ဘ)ဦးသန်းငွေမှ ဒိုက်ဦးမြို့နယ်၊ ဖအောင်ဝဲရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်- (၄၀၅)၊ ဖအောင်ဝဲမြောက်ကွင်း၊ ဦးပိုင်အမှတ်(-)၊ မြေကွက်အမှတ်(၁/၁၀၇၈)ရှိ မြေဧရိယာ(၀.၀၅)ဧကရှိမြေကို မြေငှားဂရန် (အသစ်)လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ကန့်ကွက်လွှာထည့်သွင်းသည့်နေ့မှ (၁၅)ရက်အတွင်း နောက်ဆုံးထား၍ ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဦးစိုင်းဇေယျာလင်းမှ မြေငှားဂရန်(အသစ်) လျှောက်ထားခြင်း အား ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့**

---

### ကန့်ကွက်နိုင်ပါကြောင်း

ဒိုက်ဦးမြို့၊ ဆင်စခန်းကျေးရွာအုပ်စုနေ ဦးဝေလင်းထွန်း(ဘ) ဦးမောင်နီ ဒိုက်ဦးမြို့နယ်၊ ဆင်စခန်းကျေးရွာအုပ်စု ကွင်း/အကွက်အမှတ်နှင့်အမည်(၄၀၈က)၊ ကြာအင်းကလေးကွင်း၊ ဦးပိုင်အမှတ်(၄/၁)၊ မြေကွက်အမှတ်(-)ရှိ မြေဧရိယာ(၀.၀၉)ဧကရှိ မြေကိုမြေငှားဂရန်(အသစ်)လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကန့်ကွက်လွှာထည့်သွင်းသည့်နေ့မှ (၁၅)ရက်အတွင်း နောက်ဆုံးထား၍ ဒိုက်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဦးဝေလင်းထွန်းမှ မြေငှားဂရန်(အသစ်) လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့**

---

### ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်၊ ၇၄၆/ ကျောက်ဖူး၊ ဦးပိုင်အမှတ်၊ ၃၇+၃၈-ဠ၊ မြေကွက်အမှတ်၊ ၃၆၊ မြေဧရိယာ ၀.၅၆၃ဧကရှိ မြေကွက်သည် ဦးထွန်းမြင့်အမည်ဖြင့် ၁၁-၈-၂၀၂၆ ရက်အထိ (၃၀)နှစ် မြေငှားဂရန်ရရှိထားပါသည်။ဦးထွန်းမြင့်နှင့် ဒေါ်ပရီသန်ကော(ခ) ဒေါ်ခင်မာအေး တို့သည်တရားဝင်ဇနီးခင်ပွန်းများဖြစ်ကြပြီး ဦးထွန်းမြင့် သည် ၂၄-၉-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွား ပြီဖြစ်ပါသည်။ ဒေါ်ပရီသန်ကော(ခ) ဒေါ်ခင်မာအေးမှ ကျမ်းသစ္စာကျိန်ဆို၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် ချုပ်ဆို၍ မြေငှားဂရန်အမည်ပြောင်းသက်တမ်းလျှောက်ထားလာပါသည်။ အဆိုပါလျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်သည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်**

---

### ကန့်ကွက်နိုင်ပါကြောင်း

ဒိုက်ဦးမြို့၊ ကတုတ်ဘုရားကြီးကျေးရွာအုပ်စု၊ ဒဂုံမန်းလမ်းနေ ဦးဇော်လှအောင်(ဘ) ဦးမြဟန် ဒိုက်ဦးမြို့နယ်၊ ကတုတ်ဘုရားကြီးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၄၇၄က)၊ ကျီးချောင်းကွင်းမြောက်၊ ဦးပိုင်အမှတ်(-)၊ မြေကွက်အမှတ်(၁၁၃၁/၁၂၇၈)ရှိမြေဧရိယာ(၀.၀၉)ဧကရှိမြေကို မြေငှားဂရန်(အသစ်)လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကန့်ကွက်လွှာထည့်သွင်းသည့်နေ့မှ (၁၅)ရက်အတွင်း နောက်ဆုံးထား၍ ဒိုက်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဦးဇော်လှအောင်မှ မြေငှားဂရန်(အသစ်) လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့**

---

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6S/5374 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

---

ဇီဝမျိုးစုံမျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

## ပျောက်ဆုံးကြောင်း

လှိုင်ဇင်ထက် (ဘ)ဦးဝင်းကိုကိုဦး ၉/မခန(နိုင်)၃၁၈၉၁၆ ၏ နိုင်ငံကူးလက်မှတ် အမှတ်(MG780211)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၇၇၃၁၃၂၈၃၉**

## တစ်ဦးတည်းဖြစ်ကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကသစ်ခုံကျေးရွာတွင် နေထိုင်သူ(ဘ)ဦးတင်ထွန်း၏သမီး မဇင်မီမီထွန်း(ခ)မဇေမီမီထွန်း ၇/သနပ(နိုင်)၁၁၆၈၀၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မဇင်မီမီထွန်း(ခ)မဇေမီမီထွန်း**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်နေ (ဘ)ဦးအောင်ထွန်းလင်း၏ သမီး KBTC International School Primary 4 တွင် တက်ရောက်နေသော မေသက်ပိုင်မှူးအား အမရာဆုလာဘ် ဟုပြောင်းလဲခေါ်ဆိုပါရန်။

**အမရာဆုလာဘ်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပင်းတယမြို့နယ်၊ အ-ထ-က (၁) Grade-12(B)မှ မောင်ဇေယျာဝင်း၏ ဖခင် ဦးသန်းထွန်း (ခ)ဦးထွန်းသန်း ၁၃/ပတယ(နိုင်)၀၁၆၁၈၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3U/2894, Lifan LF 200 ယာဉ်လက်ဝယ်ရှိသူ ဦးရိုမာနတ် ၉/မကန(နိုင်) ၀၈၁၄၈၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တာချီလိတ်)**

## အမည်ပြောင်း

(ဘ)ဦးနန်ဟီးဒီးရာမ် ၏ သမီး တာချီလိတ်မြို့၊ အမက (ရန်နိုင်-၂) ကျောင်း Grade-5မှ မမေလွန်းဗိုလ် အား မနန်ဟီးမေလွန်းဗိုလ်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မနန်ဟီးမေလွန်းဗိုလ်**

## မွေးသက္ကရာဇ်အမှန်

လားရှိုးမြို့၊ အထက(၆) Grade-11 တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာသင်ကြားခဲ့သော ဦးစိုင်းလိန်ခမ်း၏ သမီး နန်းဆိုင်မို၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၆-၂၀၀၇ ဖြစ်ပါကြောင်း။

## (၂၇-၇-၂၀၂၆)ရက်စွဲဖြင့် မြန်မာ့အလင်းသတင်းစာပါ ဦးမျိုးစည်သူ၏ ရှေ့နေဖြစ်သူ ဦးသန်းနိုင်ဌေး၏ အများသိစေရန် ကြေညာခြင်းအပေါ် ဇနီးဖြစ်သူဒေါ်တင်နီလာဝင်းဘက်မှ ပြန်လည်ရှင်းလင်းတင်ပြခြင်း

ဦးမျိုးစည်သူနှင့်ဇနီးဒေါ်တင်နီလာဝင်း(၇/ပမန(နိုင်)၁၅၀၀၆၃)တို့သည် ယနေ့တိုင် တရားဝင်အကြင်လင်မယားဖြစ်ပါသည်။ ရှေ့နေဦးသန်းနိုင်ဌေး၏ သတင်းစာကြော်ငြာပါစွပ်စွဲချက်များလုံးဝမမှန်ကန်ပါ။ ဦးမျိုးစည်သူနှင့် ဒေါ်တင်နီလာဝင်း(ဘ)ဦးကျော်စိန်(၇/ပမန(နိုင်)၁၆၃၄၃၈)တို့သည်(၈-၆-၂၀၁၃)ရက်မှစ၍ လက်ထပ်ပေါင်းသင်းခဲ့ရာ ယနေ့အချိန်ထိ သားသမီး(၂)ဦးထွန်းကားခဲ့ပါသည်။ ဒေါ်တင်နီလာဝင်းနှင့် ဦးမျိုးစည်သူတို့မှာ ရှေ့နေရှေ့တွင်လည်းကောင်း၊ ဂုဏ်သရေရှိ ပုဂ္ဂိုလ်တစ်ဦးဦးရှေ့တွင်လည်းကောင်း၊ လင်မယားအဖြစ်မှ လုံးဝကွာရှင်းခဲ့ခြင်း မရှိပါ။ ဦးမျိုးစည်သူသည် ယနေ့အထိ ကျွန်မ၏ တရားဝင်ခင်ပွန်း ဖြစ်လျက်ရှိပါသည်။ ကျွန်မ နိုင်ငံခြားသို့ အလုပ်လုပ်သွားရန် မိသားစုအားလုံးကို တိုင်ပင်ပြီး သဘောတူညီမှုဖြင့် တရားဝင် သွားရောက်လုပ်ကိုင်ခြင်း ဖြစ်ပါသည်။ ကျွန်မ၏ တရားဝင်ခင်ပွန်းဖြစ်သူ ဦးမျိုးစည်သူနှင့် တရားမဝင်ပေါင်းသင်းနေထိုင်သူ မည်သည့်အမျိုးသမီးကိုမဆို ၂၀၁၅-ခုနှစ်၊ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေအရ တရားစွဲဆိုနိုင်သည်ကို သတိပြုကြစေလိုပါသည်။ နောက်နောင် ကျွန်မ၏အိမ်ထောင်ရေးနှင့်ပတ်သက်၍ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မဟုတ်မမှန် ပါဝင်ပတ်သက်စွက်ဖက်ပါက တရားဥပဒေအရ အရေးယူ ထိုက်သောသူများကို တရားစွဲအရေးယူသွားမည်ဖြစ်ကြောင်း ပြန်လည်ကန့်ကွက်ကြေညာအပ်ပါသည်။

**ဒေါ်တင်နီလာဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပုဏ္ဏမီကျော်(LL.B)အထက်တန်းရှေ့နေ(စဉ်- ၄၄၄၆၁ )**
**အမှတ်-(၆၈၆) ဆွေးနွေးဘုရားလမ်း၊ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့။**
**ဖုန်း-၀၉-၄၂၃၆၈၃၆၁၅**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၊ အ-ထ-က (ကွန်ဟိန်း) Grade(9) တွင် ပညာသင်ကြားနေသော နန်းမိုးမိုးစိန် ၃/ကဟန(နိုင်)၀၆၅၆၇၈ ၏ ဖခင်အမည်မှန်မှာ စိုင်းလှိုင် ၁၃/မနတ(နိုင်)၀၀၆၁၈၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့၊ အထက(ဝမ်ကန်) Grade-11 မှ မဆုပွင့်ဖြူ၊ အလက (ဆိုင်းလျှံ)Grade-7မှ ရတနာပွင့်ဖြူ၊ Grade-5မှ မလင်းလတ်ပွင့်ဖြူတို့၏ ဖခင်အမည်မှန်မှာ ဦးဂျာဘီလား ၉/မကန(နိုင်)၀၅၃၃၀၃ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4S/3836 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3U/2894 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(တာချီလိတ်)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ပန်းတောင်းမြို့နယ်၊ တောင်ဦး အ.ထ.က ၊ Grade-9 တွင် ပညာသင်ကြားနေသော မယွန်းဝတီ၏ဖခင် ဦးကိုမင်း ၉/ကပတ(နိုင်)၁၉၇၃၉၆ နှင့် ဦးမင်းမင်း သည် အမည်ကွဲလွဲသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကိုမင်း(ခ)ဦးမင်းမင်း**

## ဖခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အထက (ရွှေလှေ) Grade-12 မှ မဖြိုးနန္ဒာဝင်း နှင့် Grade-9မှ မောင်အောင်မြင့်မြတ်တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော် ၁၄/ပတန(နိုင်)၁၁၁၈၈၃ ဖြစ်ပါကြောင်း။

## အမည်မှန်

မိုးကုတ်မြို့၊ အထက(၁) ကျောင်း Grade-10 တွင် ပညာသင်ကြားနေသော (ဘ) ဦးဝင်းမြင့်၏သမီး မဖူးပွင့်ခိုင်၏ အမည်မှန်မှာ မဖူးပွင့်ပိုင် ၉/မကန(နိုင်)၁၈၄၈၈၅ ဖြစ်ပါကြောင်း။ **မဖူးပွင့်ပိုင်**

## မိခင်အမည်မှန်

မော်လမြိုင်မြို့၊ အမှတ်(၇) အထက G-12 မှ မကြည်ပြာထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်ခိုရ်ရှစ်ဘီ KMW-138910 ဖြစ်ပါကြောင်း။ **ဒေါ်ခိုရ်ရှစ်ဘီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/4865 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/7172 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3B/3711, TOYOTA Landcruiser ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်ထွန်း ၁၃/လရန(နိုင်)၀၇၉၇၁၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/54435, Honda Wave-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေအောင် ၁၄/ကကန(နိုင်)၁၂၆၇၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့် မြို့ | ရပ်/ကျေး | ကွင်းအမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးဖုန်းမြင့်မော် | ပုသိမ် | အမှတ်(၁၃) | ၅၂/စက်မှုဇုန် | L-၁၂၈ | ၀.၀၅၅ | အမည်ပြောင်း |
| ၂ | ဦးထွန်းထွန်းအောင် | ပုသိမ် | အမှတ်(၁၃) | ၅၂/စက်မှုဇုန် | L-၁၂၇ | ၀.၀၅၅ | အသစ် |
| ၃ | ဦးမင်းမင်းဦး | ပုသိမ် | အမှတ်(၁၅) | ၁၆၃B/ထန်းကုန်း | ၅၂/၄ | ၀.၂၃ | အသစ် |
| ၄ | ဒေါ်တင်သိန်းအေး | ပုသိမ် | အမှတ်(၁) | ၃၁/ကံသုံးဆင့်အနောက် | ၂-အ | ၀.၀၄၀ | အသစ် |
| ၅ | ဒေါ်နွယ်နီဆွေ | ပုသိမ် | အမှတ်(၃) | ၃၆/ဈေးချောင်းမြောက် | ၁၈/၁-ဠ၊ ၂၁-စ | ၀.၀၆၈ | ခွဲ/ပြောင်း |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရေဝတီတိုင်းဒေသကြီး၊မြန်အောင်မြို့ ၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၁၁)၊ ဘတလင်မြောက်ရပ်၊ ဦးပိုင်အမှတ် (၄၀)၊ ဧရိယာ(၀.၂၃၂)ကေအနက်မှ(၀.၀၇၃)ကေရှိ (ဘိုးဘပိုင်)မြေကို ဦးဝင်းဌေး၊ ဒေါ်စန်းရင်တို့၏အမည်သို့ အမည်ပြောင်းလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်(၃၀)အတွင်း မြန်အောင်မြို့နယ် မြေစာရင်းဦးစီးဌာနသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြန်အောင်မြို့နယ်မြေစာရင်း ဦးစီးဌာန၊ မြန်အောင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရေဝတီတိုင်းဒေသကြီး၊မြန်အောင်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၃)၊ နေခြည်တောင်ရပ်၊ ဦးပိုင်အမှတ်(၃၅)၊ ဧရိယာ(၀.၀၄၁)ကေရှိ (ဘိုးဘပိုင်)မြေကို ဦးစိုးသက်ထိုက်၊ ဒေါ်သီတာမြင့်တို့၏အမည်သို့ အမည်ပြောင်း လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်(၃၀)အတွင်း မြန်အောင်မြို့နယ် မြေစာရင်းဦးစီးဌာနသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြန်အောင်မြို့နယ်မြေစာရင်း ဦးစီးဌာန၊ မြန်အောင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/84371, Honda Wave-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲမိုးဆွေ ၁၄/ပသန(နိုင်)၀၀၂၅၁၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6D/3830, Toyota Hilux Surf KZN185 Station Wagon (4x4)R ယာဉ်လက်ဝယ်ရှိသူ မာမာအေး ၈/ဆမန(နိုင်)၀၄၉၁၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ ရေဝတီလမ်း၊ မြေကွက်အမှတ်(၁၅၁၁)ဟုခေါ်တွင်သော မြေအလျားxအနံပေ (၄၀x၆၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်လူခီးလျံ (၁၂/လမတ(ဧည့်)၀၀၀၄၅၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသောတရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော် (LL.B)** အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)
**ဒေါ်ယမင်းထွေး (LL.B)** တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)
**ဦးရဲသီဟ(LL.B)** အထက်တန်းရှေ့နေ(စဉ် -၅၆၃၆၆)

အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉- ၄၅၆၉၉၆၇၇၆၊ ၀၉- ၉၇၃၀၀၂၁၁၇

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21W/45559, NAM BO-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်နောင်ဦး၉/အမရ(နိုင်) ၁၂၅၂၆၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ဘားလားကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၉၄)၊ ကွင်းအမည် (ဒါးငြိမ်းဘုရားမြောက်ကွင်း)၊ ဦးပိုင်အမှတ် (၉/စ)၊ ဧရိယာ (၂၄.၉၂)ကေ၊ ဦးပိုင်အမှတ် (၉/ဆ)၊ ဧရိယာ (၁၈.၅၁)ကေ၊ ဦးပိုင်အမှတ် (၁၀/က)၊ ဧရိယာ (၂.၅၄)ကေ၊ ဦးပိုင်အမှတ် (၁၁/ဈ)၊ ဧရိယာ (၃.၂၈)ကေ၊ ဦးပိုင်အမှတ် (၁၄/ဈ)၊ ဧရိယာ (၂.၀၂)ကေ၊ ဦးပိုင်အမှတ် (၁၄/ဠ)၊ ဧရိယာ (၂.၈၁)ကေ၊ ဦးပိုင်အမှတ် (၁၄/ဍ)၊ ဧရိယာ (၁.၈၃)ကေ၊ ဦးပိုင်အမှတ် (၁၄/ဗ)၊ ဧရိယာ (၄.၅၃)ကေ၊ ဦးပိုင်အမှတ် (၁၄/ဘ)၊ ဧရိယာ (၃.၃၇)ကေ၊ စုစုပေါင်းဧရိယာ (၆၃.၈၁)ကေရှိ ဦးထွန်းထွန်းလင်း (၁၂/လမန (နိုင်) ၀၃၁၆၃၃) အမည်ပေါက် ပုံစံ-၇ကျပြီး လယ်မြေကွက်များနှင့် ယင်းလယ်မြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးထွန်းထွန်းလင်း ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး: LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
၀၉ ၅၅၀ ၆၁ ၄၆

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့် မြို့ | ရပ်/ကျေး | ကွင်းအမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်အဝင်းလေး | ပုသိမ် | အမှတ်(၃) | ၃၅/မီးရထားလမ်း | ၂၇/၁-မ.၈ | ၀.၀၄၆ | ခွဲ/ပြောင်း |
| ၂ | ဦးသက်အောင်၊ ဦးသက်ထူးအောင် | ပုသိမ် | အမှတ်(၃) | ၃၅/မီးရထားလမ်း | ၂၇/၁-.ဘ.၃ | ၀.၀၄၉ | ခွဲ/ပြောင်း |
| ၃ | ဒေါ်ခင်မော်မော် | ပုသိမ် | အမှတ်(၃) | ၃၆/ဈေးချောင်းမြောက် | ၂၁. င.၅၊၂၅.ခ.၅၊၂၄.ခ.၅ | ၀.၀၄၅ | ခွဲ/ပြောင်း |
| ၄ | ဒေါ်ရွှန်းလဲ့နန္ဒာ | ပုသိမ် | အမှတ်(၃) | ၃၅/မီးရထားလမ်း | ၂၇/၁-မ.၆.က | ၀.၀၄၄ | ခွဲ/ပြောင်း |
| ၅ | ဒေါ်ခိုင်စပယ်သန်း | ပုသိမ် | အမှတ်(၃) | ၃၅/မီးရထားလမ်း | ၂၇/၁-မ.၆.ခ | ၀.၀၄၃ | ခွဲ/ပြောင်း |
| ၆ | ဒေါ်တူးမာဝင်း | ပုသိမ် | အမှတ်(၃) | ၃၅/မီးရထားလမ်း | ၂၇/၁-မ.၅ | ၀.၀၄၁ | ခွဲ/ပြောင်း |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7R/5163 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

